# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၃၁၅)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်မည်

နေပြည်တော် ဩဂုတ် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မကြာမီရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ရုရှားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံဒူးမား လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ရုရှားအစိုးရ ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကိုပိုမိုခိုင်မာ စေရေးနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ကဏ္ဍ ပေါင်းစုံတွင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် မြန်မာ-ရုရှားစီးပွားရေးဖိုရမ်သို့လည်း တက်ရောက်သွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၅

၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်၏ မြောက်ဘက်သစ်ခွလမ်းနှင့် ကစ္စပနဒီလမ်းဘေးဝဲယာတို့တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ

စာမျက်နှာ ၃ ကော်လံ ၁ ❖

## ယနေ့ ဖတ်စရာ


**အနာဂတ်အသစ် 5G ခေတ်သို့ ...** ဆောင်းပါး ◆ ၆

**အရည်အသွေးကောင်းမျိုး ဝါစေ့မှသည် အထွက်ကောင်းဝါ ထုတ်လုပ်ရေးဆီသို့ ...** ဆောင်းပါး ◆ ၁၀

**တစ်နိုင်ငံလုံးအနှံ့ AI ကျွမ်းကျင်မှု သင်တန်းအစီအစဉ် ပြုလုပ်သွားမည်ဟု အိန္ဒိယဝန်ကြီးချုပ် ကြေညာ** နိုင်ငံတကာသတင်း ◆ ၁၄


### နေရာကွက်ကျား မိုးကြီးမည်

နေပြည်တော် ဩဂုတ် ၁၅

ဩဂုတ် ၁၇ ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးကြီးမည်။

မိုး/ဇလ

## ကမ္ဘောဇဘဏ်နှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မသန်စွမ်းကျောင်းသား ကျောင်းသူ ၄၇ ဦးအား ပညာသင်ဆုချီးမြှင့်မည့်စီမံကိန်း လက်မှတ်ရေးထိုး




ရန်ကုန် ဩဂုတ် ၁၅

ကမ္ဘောဇဘဏ်နှင့် ရွှေမင်းသား ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မသန်စွမ်းကျောင်းသား ကျောင်းသူ ၄၇ ဦးအား ပညာသင်ဆုချီးမြှင့်မည့် "Building Bridges by Breaking Barriers – 5B" ၅ နှစ် တာစီမံကိန်း သဘောတူစာချုပ် လွှာကို ဩဂုတ် ၁၃ ရက်တွင် လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❍

## လျှပ်စစ်ဓာတ်အားသုံးစွဲသူ မီတာပြည်သူများသို့ အသိပေးမေတ္တာရပ်ခံခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်း ပပျောက်စေရေးအတွက် စွမ်းဆောင်ရည်ကျဆင်း နေသည့် မီတာများနှင့် အသုံးပြုသက်တမ်း နှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေး ခြင်းတို့အပြင် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရရှိသေးသည့် မီဘပြည်သူများ အနေဖြင့် လိုအပ်သည့် လျှပ်စစ်မီတာအသစ်များကို လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေး စေပြီး အချိန်နှင့် စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ တိုက်ရိုက် လျှောက်ထားခြင်းများကိုလည်း စတင်ဆောင်ရွက် ပေးလျက်ရှိပါသည်။

၂။ ယင်းသို့ Smart Meter စနစ်သို့ ကူးပြောင်း နိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေသကဲ့သို့ Analog မီတာများအပါအဝင် Smart Meter စနစ်နှင့် ချိတ်ဆက်နိုင်ခြင်းမရှိသေးသည့် မီတာများ အသုံးပြုနေသည့် ပြည်သူများအနေဖြင့် ကိုယ်တိုင် မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှစောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း

စာမျက်နှာ ၄ ကော်လံ ၁ ◆

မြန်မာ့အလင်း

# အထောက်အထားမဲ့ဖောင်းပွမှုများ

မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများ၏ ရေးသား ထုတ်လွှင့်မှုများကိုကြည့်လျှင် ပုံသေအရိုးစွဲနေသည့် အာဘော်များ၊ ပကတိအခြေအနေနှင့် ကင်းကွာနေသည့်အကြောင်းအရာ၊ အချက် အလက်များကိုသာလျှင် အများအားဖြင့်တွေ့ရှိနိုင်သည်။ ကမ္ဘာ့သတင်း မီဒီယာများဟုဆိုရာတွင် အဓိကအားဖြင့် အနောက်အုပ်စုမီဒီယာများ၊ ၎င်းတို့၏လက်ခွဲမီဒီယာများက အဓိကဖြစ်ပြီး ကျန်မီဒီယာများမှာ ၎င်းတို့ ထံမှ သတင်းအချက်အလက်များရယူ၍ ထပ်မံဖြန့်ဖြူးကြရသည့် မီဒီယာများဖြစ်ရာ ၎င်းတို့သည်လည်း တစ်လေသံတည်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများနှင့် ပတ်သက်၍ ၎င်းတို့၏ဆန္ဒအလျောက်၊ လုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာပြန်လာ နိုင်ရေးကိစ္စသည် မြန်မာနိုင်ငံကငြင်းဆိုထားခြင်းမရှိဘဲ လက်ခံထားပြီး ကိစ္စဖြစ်သကဲ့သို့ အမှန်တကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံရန် အတွက် စိတ်ဆန္ဒမှန်ဖြင့် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး လည်းဖြစ်သည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ် သုံးခုချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်များနှင့်အညီ ပြန်လည်လက်ခံရန် ၂၀၁၈ ခုနှစ်အတွင်း နှစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် မြန်မာဘက်မှ အလေးအနက်ထားဆောင်ရွက်ကာ စနစ်တကျစီစဉ်စောင့်ဆိုင်းခဲ့သော် လည်း ပြန်လည်ဝင်ရောက်လာခဲ့ခြင်းမရှိခဲ့။ မြန်မာနိုင်ငံအနေဖြင့် စိတ်ထားအမှန်၊ ဆန္ဒအမှန်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း တစ်ဖက်တွင်မူ ဤသို့ မရိုးရှင်းခဲ့ဟုဆိုရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများအရေးကိစ္စသည် ဤသို့ဖြစ်ပေါ်လာစေရန် ဖန်တီးယူခဲ့သော အရေးကိစ္စပင်ဖြစ်ပြီး နောက်ကွယ်တွင် ပြည်ပမှကြိုးကိုင်ဆောင်ရွက်မှုများ၊ ပါဝင်စွက်ဖက်မှု များရှိနေသည်။ ထိုအချိန်ကတည်းကပင်စတင်၍ အနောက်အုပ်စု မီဒီယာများ၏ရေးသားထုတ်လွှင့်မှုများမှာ ရည်ရွယ်ချက်ရှိရှိ တစ်ဖက် စောင်းနင်းပုံဖော်ခဲ့ကြခြင်းဖြစ်သည်။ ပြဿနာ၏ အစဖြစ်စဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆာအကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်း ဖက်လုပ်ရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း အဆိုပါမီဒီယာများက မသိမသာဆိုကာမျှဖြစ်စေ၊ ထိမ်ချန်၍ဖြစ်စေ ရေးသားထုတ်လွှင့်ခဲ့ကြ သည်။ တစ်ဖန် အကြမ်းဖက်အဖွဲ့နှင့် နောက်ကွယ်မှကြိုးကိုင်စီစဉ်သူ တို့၏ ဇာတ်ညွှန်းအတိုင်းဖြစ်သော နေရပ်စွန့်ခွာသူများနှင့်စပ်လျဉ်း၍ ၎င်းတို့၏အကြိုက် ဇာတ်နာအောင် မီဒီယာနည်းလမ်းအမျိုးမျိုးဖြင့် ပုံဖော်ခဲ့ကြကာ ကမ္ဘာကအာရုံစိုက်မှုကိုရယူခဲ့ကြသည်။ တစ်ချိန်တည်း မှာပင် အကြမ်းဖက်အဖွဲ့အစည်းအပေါ် အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင် ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့သည့်တပ်မတော်ကို အခြေအမြစ်မရှိသော စွပ်စွဲချက်များ၊ ဘက်လိုက်ရေးသားမှုများ၊ အချက်အလက်မှား၊ သတင်း မှားများဖြင့် သတင်းပရိသတ်များ အမြင်စောင်းစရာတို့ကိုသာ တစ်ဖက် သတ် ရေးသားထုတ်လွှင့်ခဲ့ကြခြင်းဖြစ်သည်။

ယခုရက်ပိုင်းအတွင်း အာဆီယံနိုင်ငံတစ်ခုတွင် ရောက်ရှိနေကြသည့် လှေစီးဒုက္ခသည်များအရေးနှင့်စပ်လျဉ်း၍ ၎င်းနိုင်ငံမှနိုင်ငံသားများ အတွင်း မကျေနပ်မှုများဖြစ်ပေါ်နေကြောင်း သတင်းများတွင်တွေ့ရသည်။ တတိယနိုင်ငံသို့သွားရန်ရည်ရွယ်ချက်ဖြင့် ဘင်္ဂလားပင်လယ်အော်ကို စက်လှေများ၊ ရေယာဉ်များဖြင့်ဖြတ်သန်း၍ အဆိုပါနိုင်ငံသို့ ပို့ဆောင် သည့် လူမှောင်ခိုလုပ်ငန်းများမှာ တွင်ကျယ်နေပုံရသည်။ လှေစီးဒုက္ခသည် အမည်ခံသူများမှာ UNHCR တွင် အလွယ်တကူ မှတ်ပုံတင်အမည် ပေါက်နိုင်ရေးအတွက် ၎င်းတို့ကိုယ်ကိုယ် "ရိုဟင်ဂျာ" ဟူ၍ ပြောလိုက်ရုံ သာဖြစ်ပြီး ဤကိစ္စအတွက် ကြားပွဲစားများ၊ စာရွက်စာတမ်းအတု ပြုလုပ်သူများလည်းရှိနေသည်ဟု သတင်းများတွင်တွေ့ရသည်။ သို့ဖြစ် ရာ မြန်မာနိုင်ငံက လက်ခံထားခြင်းမရှိသော လူမျိုးလိမ်နာမည်တစ်ခုကို ခံယူထားကြသူများမှာ အရေအတွက်များစွာ ဖောင်းပွလျက်ရှိနေပြီး မြန်မာနိုင်ငံဟူသော အမည်နာမသည်လည်း မီဒီယာများတွင် ၎င်းတို့နှင့် အတူ ပေါလောမျောပါနေရသည်။

နောက်တစ်ခုမှာ ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ နေရပ် စွန့်ခွာသွားကြသူများ၏ အရေအတွက်နှင့်စပ်လျဉ်း၍ ကိန်းဂဏန်းများကို စာရင်းမဲ့အင်းမဲ့ စွပ်စွဲမှု၊ ပြောဆိုမှုများ၊ မီဒီယာများ၌ဖော်ပြနေမှုများ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် ဒေသများတွင်နေထိုင်ခဲ့ကြသည့် ဘင်္ဂါလီလူမျိုးများနှင့်စပ်လျဉ်း၍ အချက်အလက်၊ မှတ်တမ်းမှတ်ရာများရှိထားပြီး တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခဲ့ကြသည့် အရေအတွက်ကိုလည်း သိရှိထားပြီးဖြစ်သည်။ လက်ရှိ ဘင်္ဂလားဒေ့ရှ်ဘက်မှပေးပို့ခဲ့သော နေရပ်စွန့်ခွာသူများစာရင်း ရှစ်သိန်းကျော်အနက် ထက်ဝက်ကျော်ကို စိစစ်ခဲ့ပြီးဖြစ်ရာတွင် အထောက်အထားတွေ့သူ သုံးသိန်းကျော်နှင့် အထောက်အထားမတွေ့သူ တစ်သိန်းကျော်၊ အကြမ်းဖက်ကျူးလွန်ခဲ့သူ ၄၀၀၀ ကျော် စိစစ်တွေ့ရှိ ထားသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးစတင်ချိန်မှ ယနေ့အချိန်ထိ မီဒီယာများနှင့် အချို့လူပုဂ္ဂိုလ်များ၏ အချက်အလက်မှား၊ သတင်းမှား များ၊ စွပ်စွဲပြောဆိုမှုများမှာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးအားလုံးတို့၏ ပုံရိပ်များကို ထိခိုက်နစ်နာစေသည့်အလျောက် ပြတ်သားစွာကန့်ကွက် ရှုတ်ချလိုက်ပါကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

**၁၅ - ၈ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၅၀၀၀၀ ကျပ်ဖြစ်သည်။
**ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## အင်အားပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၅
ယနေ့ နံနက် ၄ နာရီ၊ ၂၈ မိနစ်၊ ၂၈ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင် စခန်းမှ အရှေ့တောင်ဘက် ၂၄၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Flores Region,Indonesia)၊ တောင်လတ္တီတွဒ် ၈ ဒသမ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၁ ဒသမ၄၄ ဒီဂရီ၊ အနက် ၁၅ ကီလို မီတာခန့်ကို ဗဟိုပြု၍ ပမာဏ ၇ ဒသမ ၅(M) အဆင့်ရှိ အင်အားပြင်း ထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။
မိုး/ဇလ

## အင်အားပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၁၅
ယနေ့ ညနေ ၅ နာရီ၊ ၂၄ မိနစ်၊ ၅၂ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင် စခန်းမှ တောင်-အရှေ့တောင်ဘက် ၉၇၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Northern Sumatra, Indonesia)၊ မြောက် လတ္တီတွဒ် ၃ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ၀၆ ဒီဂရီ၊ အနက် ၁၆၈ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၆ ဒသမ ၈(M) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွား ကြောင်း တိုင်းထွာရရှိသည်။
မိုး/ဇလ

**ဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်**

နေပြည်တော် ဩဂုတ် ၁၅
ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အောက် ၁၆ စင်တီမီတာ (၆ လက်မခန့်)အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။
မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆ - ၈ - ၂၀၂၆    ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၅၀ | ၃၈၀၅ | ၃၇၅၅ | ၃၆၆၅ | ၃၈၁၀ | ၃၈၂၅ | ၃၈၅၅ | ၃၇၃၅ | ၄၁၀၅ | ၄၁၃၅ | ၃၇၅၅ | ၃၈၇၀ | ၃၈၄၅ | ၃၈၀၅ | ၃၈၁၅ | ၄၀၄၅ |
| 95 Ron | ၃၇၇၀ | ၃၉၂၅ | ၃၈၈၀ | ၃၇၉၀ | ၃၉၃၀ | ၃၉၄၅ | ၃၉၈၀ | ၃၈၆၀ | ၄၂၂၅ | ၄၂၅၅ | ၃၈၈၀ | ၃၉၈၅ | ၃၉၇၀ | ၃၉၂၅ | ၃၉၄၀ | ၄၁၆၅ |
| HSD (500 ppm) | ၄၀၂၀ | ၄၁၇၀ | ၄၁၂၀ | ၄၀၃၅ | ၄၁၇၀ | ၄၁၈၅ | ၄၂၁၅ | ၄၁၀၀ | - | ၄၄၈၀ | ၄၁၂၀ | ၄၆၆၀ | ၄၂၁၀ | ၄၁၇၀ | ၄၁၈၀ | ၄၃၉၅ |
| HSD (50 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | ၅၃၂၅ | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |
| HSD (10 ppm) | ၄၈၇၀ | ၅၀၂၅ | ၄၉၇၅ | ၄၈၈၅ | ၅၀၃၀ | ၅၀၄၅ | ၅၀၇၅ | ၄၉၅၅ | | ၅၃၅၅ | ၄၉၇၅ | ၅၁၈၀ | ၅၀၆၅ | ၅၀၂၅ | ၅၀၃၅ | ၅၂၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၅၄ | ၃၅၅၇ |
| 95 Ron | ၃၅၇၃ | ၃၆၇၈ |
| HSD (500 ppm) | ၃၈၂၅ | ၃၉၃၁ |
| HSD (50 ppm) | ၄၆၃၆ | ၄၇၅၈ |
| HSD (10 ppm) | ၄၆၃၆ | ၄၇၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၀၄၊ **စီမံ** ၀၁-၅၄၄၃၀၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၀၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၀၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

❖ *ရှေ့ဖုံးမှ*

တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိကဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အမှာစကားပြောကြား**

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ဖြစ်ပြီး ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်၏ မြောက်ဘက် သစ်ခွလမ်းနှင့် ကစ္စပနဒီလမ်းဘေးဝဲယာတို့တွင် အရိပ်ရပြီး ရာသီအလိုက် ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့် သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့် ပန်းအလှပင် သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ယခင်က နေပြည်တော်၌သာ ကျင်းပခဲ့ခြင်းဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်မှစ၍ မင်းဘူးမြို့နှင့် မိတ္ထီလာမြို့များတွင်လည်း ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဇူလိုင် ၁၂ ရက်၌ ပြင်ဦးလွင်မြို့နှင့် ဇူလိုင် ၁၃ ရက်၌ မင်းဘူးမြို့တို့တွင် နိုင်ငံတော်အဆင့်သစ်ပင်စိုက်ပွဲတော်တစ်ကြိမ်စီဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝန်း သစ်တောများ ဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ သဘာဝ ဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည်တို့ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့်အတူ တစ်နိုင်ငံလုံးဒေသအသီးသီး၌ သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ နေပြည်တော်ကိုလည်း သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်သည့် မြို့တော်အဖြစ် တည်ဆောက်သည့်နေရာတွင် အထောက်အကူရစေရန်လည်းပါဝင်ကြောင်း။

နိုင်ငံတော်အနေဖြင့် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တော စိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

နိုင်ငံတော်သာယာဝပြောရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသည် အပြန်အလှန်မှီခိုလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း အကြီးမားဆုံး

## ❑ နိုင်ငံတော်အနေဖြင့် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တော စိုက်ခင်းများအပါအဝင် သစ်ပင်ပေါင်း ၂၁ ဒသမ ၃၇ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီးဖြစ်

စိန်ခေါ်မှုမှာ "ရာသီဥတု ပြောင်းလဲမှု (Climate Change)" နှင့် "ကမ္ဘာကြီးပူနွေးလာမှု (Global Warming)" ပင်ဖြစ်ကြောင်း၊ အပူချိန်လွန်ကဲလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ သာမန်ထက် လွန်ကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် ပြင်းထန်သည့် မုန်တိုင်းများတိုက်ခတ်ခြင်း စသည့် သဘာဝ ဘေးအန္တရာယ်များကို ကမ္ဘာနှင့်အဝန်း ကြုံတွေ့ခံစားနေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ် ယခင်ကထက်ပိုပြီး ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် သိသာထင်ရှားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိနေကြောင်း။

မိမိတို့နိုင်ငံတွင် မကြာသေးမီ ၂၀၂၃ ခုနှစ်က ကြုံတွေ့ခဲ့ရသည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်က တောင်တရုတ်ပင်လယ်မှ စတင်ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်း ရာဂီမုန်တိုင်းနှင့်အတူ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များသည် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများပင်ဖြစ်ကြောင်း၊ လက်ရှိကာလတွင်လည်း ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ မြို့နယ်တချို့တွင် မိုးများစွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့ကြောင့်ရာသီဥတုပြောင်းလဲမှုလျော့ချရေးကို နိုင်ငံတော်အနေဖြင့် ကဏ္ဍအသီးသီးတွင် စနစ်တကျအစီအမံဖြင့် အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်နေသည်ကို ဌာနဆိုင်ရာများနှင့် ပြည်သူအားလုံးက ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်နေသည်ကို သတိပေးမှာကြားလိုကြောင်း။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေရေးအတွက် အရိုးရှင်းဆုံး၊ အလွယ်ကူဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးဖြင့် နေရာတိုင်းတွင် လူတိုင်းလုပ်နိုင်ပြီး အကျိုးကျေးဇူးများစွာရနိုင်သည့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများ အားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် "အသက်ပံ့ပိုးမှုစနစ် – life Supporting System" အဖြစ် သတ်မှတ်ထားကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးကြောင်း၊ ထို့ပြင် ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးနှင့် စားရေရိက္ခာဖူလုံရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည်သဘာဝဂေဟစနစ်များအားလုံး၏ ဗဟိုချက်ဖြစ်သည့်အတွက် စိုက်ပျိုးထိန်းသိမ်းပြီး စနစ်တကျ စီမံအုပ်ချုပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**တူညီသည့်အကျိုးကျေးဇူးများ ရရှိခံစားကြရမည်**

သစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်လုပ်လှူဒါန်းခြင်း၊ လမ်းတံတား ဆောက်လုပ်လှူဒါန်းခြင်း၊ ရေတွင်းရေကန်တူးဖော်လှူဒါန်းခြင်း စသည်တို့နှင့် တန်းတူအကျိုးထူးများ ရရှိနိုင်သည့် ထာဝရကုသိုလ်တစ်ခုပင် ဖြစ်ကြောင်း၊ အေးမြသည့် အရိပ်အာဝါသ၊ လှပစိမ်းစိုသည့်ရှုခင်း၊ အရောင်စုံပြီး မွှေးပျံ့သည့် ပန်းရနံ့များကို လူတိုင်းကြိုက်နှစ်သက်သည်ဖြစ်သည့်အတွက် စိုက်သည့်သစ်ပင်တိုင်း ရှင်သန်အောင်မြင်စေလိုသည့် စိတ်ရင်းစေတနာကောင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းဖြင့် တူညီသည့် အကျိုးကျေးဇူးများကို ရရှိခံစားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်သစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း၊ ကမ်းရိုးတန်း ဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်း စသည့် သစ်တောထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်းများကိုလည်း ရည်မှန်းချက်များနှင့်အညီ အောင်မြင်အောင် အလေးထား ဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။ ***စာမျက်နှာ ၄ သို့***



ဒုတိယသမ္မတ ဦးညိုစော သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး သတ်မှတ်နေရာတွင် ပျိုးပင်စိုက်ပျိုးပေးစဉ်။

*စာမျက်နှာ ၃ မှ*

ထို့အပြင်အာဆီယံလမ်းမကြီး လမ်းဘေးဝဲယာ၊ ပြည်ထောင်စုလမ်းမကြီးဘေးဝဲယာများ၊ ကျေးရွာခရိုင်ချင်းဆက်လမ်းဘေး ဝဲယာများ၌ အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ သစ်တောသစ်ပင် ကျဲပါးသည့် တောင်ကုန်းထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံး စိုက်ခင်းများ တည်ထောင်ခြင်း၊ မြို့ပြသစ်တောများ ဖွံ့ဖြိုးရေး၊ မြို့ပြဧရိယာများ စိမ်းလန်းစိုပြည်ရေးတို့ကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရုံသာမက နိုင်ငံ့စီးပွားရေးကို အထောက်အကူဖြစ်စေမည့် ဝါး၊ ရော်ဘာစသည့် နှစ်ရှည်စက်မှုကုန်ကြမ်း သစ်ပင်မျိုးများကိုလည်း အခြေအနေပေးသည့်၊ ရနိုင်သည့်နေရာများတွင် စိုက်ပျိုးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲတော်များ ဆောင်ရွက်ခြင်းအပြင် မိသားစုအလိုက်၊ လူမှုရေးအသင်းအဖွဲ့များအလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များအလိုက်၊ သစ်ပင် စိုက်ပျိုးခြင်းကိုလည်း ဒေသအသီးသီး၌ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် စိုက်ပျိုးကြရမည်ဖြစ်ပြီး "တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေး" ကိုလည်း အထူးအလေးထား စိုက်ပျိုးထိန်းသိမ်းကြရန် လိုအပ်ကြောင်း။

နိုင်ငံတစ်ဝန်း Green City၊ Clean City၊ Smart City နှင့် Green Village များ ဖွံ့ဖြိုးလာစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့်အတူ အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း။

ထိုသို့ဆောင်ရွက်မှသာ နေထိုင်ချင်စဖွယ်ကောင်းသည့် မြို့များ၊ ကျန်းမာသည့် လူမှုအသိုက်အဝန်းများနှင့် ရာသီဥတုပြောင်းလဲမှုကို ကြံ့ကြံ့ခံနိုင်သည့် လူနေမှုပတ်ဝန်းကျင်များ ဖန်တီးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရှိစေရေး ရည်မှန်းချက်ကို စောစီးလျင်မြန်စွာဖြင့် မလွဲမသွေအောင်မြင်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ သစ်ပင်သစ်တောပေါကြွယ်ဝမှု၊ စိမ်းလန်းစိုပြည်မှု၊ သာယာလှပမှုများသည် နိုင်ငံသားများ၏ ဂုဏ်ယူစိတ်၊ ကြည်နူးစိတ်နှင့် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၏ သန္ဓေတည်ရာမျိုးစေ့လည်း ဖြစ်လာနိုင်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများ တည်ရှိနေခြင်းသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွား၊ အနာဂတ်၏ဖွံ့ဖြိုးတိုးတက်မှုဟုဆိုနိုင်ကြောင်း၊ ထို့ကြောင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသည့် မူဝါဒနှင့်အညီ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတု ပြောင်းလဲမှုလျော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ကံ့ကော်ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကထိက ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း တပျော်တပါး စိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် အရိပ်ရပြီး ရာသီအလိုက် ရောင်စုံပန်းများပွင့်သည့် ပိတောက်၊ ခရေ၊ စိန်ပန်း၊ ကံ့ကော်၊ ပျဉ်းမ၊ စွယ်တော်၊ ပန်းမဲဇလီ အစရှိသည့်သစ်မျိုး ၁၀ မျိုးနှင့် ခရာဝါ၊ စိန်ပန်းကလေး၊ စက္ကူပန်း စသည့် ပန်းအလှပင် သုံးမျိုး ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် တတိယအကြိမ် သစ်ပင်စိုက်ပျိုး ပွဲတော်အခမ်းအနားတွင် တက်ရောက်လာကြသူများ ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပျိုးပင်စိုက်ပျိုးပေးစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ပျိုးပင်စိုက်ပျိုးပေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပျိုးပင်စိုက်ပျိုးပေးစဉ်။

◆ *ရှေ့ဖုံးမှ*

တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်အတွင်း စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

၃။ ထို့အပြင်ဓာတ်အားခိုးယူသုံးစွဲမှုများတွင် ပါဝင်ပတ်သက်မှုရှိသည့် ဝန်ထမ်းများကို ထိရောက်စွာ အရေးယူခြင်း၊ လုပ်ငန်းရှင်များကိုလည်း လျှပ်စစ်ဥပဒေနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းသို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင် ပိတ်သိမ်းအရေးယူခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ဖြစ်၍ ဓာတ်အားခိုးယူသုံးစွဲမှုများ လျော့နည်းပပျောက်လာသည်နှင့်အမျှ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်သည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများသို့ ပိုမို၍တိုးမြှင့်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို စနစ်တကျ အသုံးပြု၍ ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန်နှင့် မသမာမှုအားတွေ့ရှိရပါကလည်း အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့၍ တိကျစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(ရုံးချုပ်) –၀၆၇–၃၄၁၀၀၇၂

(ခ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)–၁၇၁၇

(ဂ) မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) – ၁၆၁၆
၀၂–၄၀၃၉၃၃၀၊ ၀၂–၄၀၇၃၆၆၆၊ ၀၂–၄၀၇၂၆၁၈ (Hot Line)

(ဃ) ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ – ၀၆၇–၃၄၁၀၄၀၇
၀၉–၆၈၂၂၃၂၆၀၀၊ ၀၉–၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

❍ *ရှေ့ဖုံးမှ*

ဤအစီအစဉ်သည် မသန်စွမ်းသူများအတွက် ပညာရေးအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ယင်းအစီအစဉ်တွင် ဒေသအသီးသီးမှ လျှောက်ထားလာသော ကိုယ်အင်္ဂါ၊ အမြင်၊ အကြားနှင့် ဉာဏ်ရည်မသန်စွမ်းမှု စသည့် မသန်စွမ်းမှု အမျိုးအစားကွဲပြားသော ကျောင်းသား ကျောင်းသူများအနက် ထူးချွန်ပြီး အမှန်တကယ်လိုအပ်သော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇ ဦးကို စနစ်တကျ ရွေးချယ်ချီးမြှင့်ခဲ့ရာ အထက်တန်းအဆင့် (Grade 8 မှ 12 အထိ) ကျောင်းသား ၂၄ ဦး၊ တက္ကသိုလ်ကျောင်းသား ငါးဦးနှင့် အဝေးသင်တက္ကသိုလ်ကျောင်းသား ၁၈ ဦးတို့ ပါဝင်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်အနေဖြင့် ဤပညာသင်ဆုကို ကျောင်းသားများ လက်ရှိသင်ယူနေသည့် အတန်းမှစ၍ တက္ကသိုလ်ပညာရေး ဆုံးခန်းတိုင်သည်အထိ လစဉ် ကနဦးငါးနှစ်တာကာလ လျာထား၍ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **MT**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

## နိုင်ငံတော်သမ္မတ၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၅**

"လုံခြုံလုပဘဝများ အမျိုးသမီးနှင့် ကလေးတိုင်းရစေသား" ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF) ၏ (၁၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်သမ္မတ၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ(၁) ၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ(၂)၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး ဂုဏ်ပြုဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားသို့ ဒုတိယသမ္မတ (၁) ဦးညိုစော၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယသမ္မတ (၂)၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများ၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၏ ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၏ Theme Song "လုံခြုံလုပဘဝများ အမျိုးသမီးနှင့် ကလေးတိုင်းရစေသား" သီချင်းဖြင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက သရုပ်ဖော်ကပြဖျော်ဖြေတင်ဆက်ကြပြီး MWCDF အသင်း၏ ၁၃ နှစ်တာကာလအတွင်း အသင်း၏ လှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

### ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF)မှ ကဏ္ဍအသီးသီးတွင် နိုင်ငံတော်အဆင့် ဆုရရှိသူများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌများအား ဒုတိယသမ္မတ(၁)၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ(၂)၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

### ပြခန်းများကြည့်ရှု

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၏ လှုပ်ရှားဆောင်ရွက်မှု ဓာတ်ပုံမှတ်တမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဦးစီး၍ အသင်းနှစ်ပတ်လည် အစည်းအဝေးအား ကျင်းပပြုလုပ်ပြီး အသင်းဘဏ္ဍာငွေသုံးစွဲခြင်းနှင့် အသင်းဆောင်ရွက်ချက်များ ဆွေးနွေးခြင်း၊ အသင်းဖွဲ့စည်းပုံနှင့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားခြင်း၊ လုပ်ငန်းစဉ် အကျဉ်းချုပ်တင်ပြခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ ရှင်းလင်း ပြောကြားခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများသို့ ထောက်ပံ့ငွေ၊ အသင်းဗလာစာအုပ်နှင့် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၏ (၁၃) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ကျင်းပစဉ်။



# စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်မွမ်းမံသည့် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဩဂုတ် ၁၅**

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်မွမ်းမံသည့် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဘောလုံးကွင်းပြင်ဆင်ဆောင်ရွက်နေမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ခဲ့မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရေးနှင့် တက္ကသိုလ်ပရဝဏ်သန့်ရှင်းသပ်ရပ်ရေး၊ အဓိပတိလမ်းမွမ်းမံပြင်ဆင်ရေး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ်အသစ် 5G ခေတ်သို့ ...

မောင်ဖိုးသား

*(ယမန်နေ့မှအဆက်)*

"3G လို့ခေါ်တဲ့ တတိယမျိုးဆက် မိုဘိုင်းနည်းပညာအကြောင်း ဆက်ပြောပြမယ်။ ပထမဆုံးစီးပွားဖြစ် 3G (WCDMA[*1]) ကွန်ရက်ကို ဂျပန်နိုင်ငံမှာ ၂၀၁၁ ခုနှစ် (အောက်တိုဘာလ) က NTT DoCoMo ကုမ္ပဏီက စတင်မိတ်ဆက်ခဲ့ပြီးတော့ ကမ္ဘာတစ်ဝန်းမှာ ၂၀၀၀ ပြည့်လွန်နှစ်အစောပိုင်းကစပြီး ကျယ်ကျယ်ပြန့်ပြန့် စတင်ပေါ်ပေါက်လာခဲ့တာ။ မြန်မာနိုင်ငံမှာတော့ နိုင်ငံပိုင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က WCDMA (3G) ဝန်ဆောင်မှုကို ၂၀၁၀ ပြည့်လွန်နှစ် အစောပိုင်းကာလတွေမှာ စတင်စမ်းသပ်မိတ်ဆက်ခဲ့ပြီး ၂၀၁၄ ခုနှစ်အလယ်ပိုင်းမှာ အူရီဒူး (Ooredoo) နဲ့ တယ်လီနော (Telenor) တို့ ဝင်ရောက်လာပြီးတဲ့နောက်မှာတော့ 3G ကွန်ရက်ကို တစ်နိုင်ငံလုံးအနှံ့ အပြည့်အဝ စပြီးသုံးစွဲလာနိုင်ခဲ့တယ်။

"3G ရဲ့ အဓိက ရည်ရွယ်ချက်က ဖုန်းပြောရုံတင် မဟုတ်ဘဲ ဖုန်းပေါ်မှာ "မြန်နှုန်းမြင့် အင်တာနက်" ကို ကောင်းကောင်းမွန်မွန် သုံးနိုင်အောင်လုပ်ပေးဖို့ပဲ။

"3G ရဲ့ လုပ်ဆောင်ချက်က အသုံးပြုသူတွေရဲ့ အသံတွေ၊ စာသားတွေတင်မကဘဲ ဗီဒီယိုတွေ၊ သီချင်းတွေလို မာလ်တီမီဒီယာ (Multimedia) တွေကိုပါ မြန်နှုန်းမြင့် ဒီဂျစ်တယ်လှိုင်းတွေအဖြစ် ပြောင်းလဲပြီး ကြိုးမဲ့စနစ်နဲ့ ပို့ဆောင်ပေးတာပေါ့။ ဒီအတွက်ကြောင့် ဖုန်းထဲကနေ Website တွေ ရှာဖွေတာ၊ အီးမေးလ်ပို့တာ၊ သီချင်းနဲ့ ဗီဒီယိုတွေ ဒေါင်းလုတ် (Download) ဆွဲတာ၊ ဓာတ်ပုံတွေ အပြန်အလှန်ဝေမျှတာတွေကို စတင်ပြီး ကောင်းကောင်းမွန်မွန် လုပ်ဆောင်နိုင်လာကြတယ်။

"အထူးသဖြင့် ဒီ 3G နည်းပညာဟာ "စမတ်ဖုန်း (Smart Phone)" တွေကို ကမ္ဘာပေါ်မှာ စတင်ခေတ်စားလာစေခဲ့တဲ့ အဓိကဦးဆောင်ခဲ့တဲ့ Mobile Generation ပါပဲ။

"3G ခေတ်မှာ ကိုကြီးတို့ ရရှိခဲ့တဲ့ အကြီးမားဆုံး အပြောင်းအလဲတွေကတော့ ဗီဒီယိုကောလ် (Video Call) ပြောလို့ရလာတယ်။ ကြည်လင်ပြတ်သားတဲ့ အသံအရည်အသွေး (Voice Quality) ရရှိလာတယ်။ ဖုန်းထဲကနေ အွန်လိုင်းအက်ပလီကေးရှင်းတွေကို စိတ်ကြိုက်အသုံးပြုလာနိုင်တယ်။ ပြောရရင် 3G နည်းပညာက ဖုန်းဆိုတာ စကားပြောဖို့ သက်သက်မဟုတ်တော့ဘဲ လက်ထဲက ကွန်ပျူတာအသေးစား

(WCDMA_ Wideband Code Division Multiple Access)[*1]




လေးတစ်ခုလို အင်တာနက်သုံး၊ ဗီဒီယိုကြည့်၊ အလုပ်လုပ်လို့ရတဲ့အထိ မိုဘိုင်းလောကကို တစ်ခေတ်ဆန်းစေခဲ့တဲ့ သမိုင်းဝင်နည်းပညာတစ်ခု ဖြစ်လာတယ်။"

အမေက ...

"သားတို့ တီဗွီမကြည့်ကြတော့ဘူး မဟုတ်လား။ အမေ တီဗွီပိတ်လိုက်တော့မယ်။"

ညီလေးနဲ့ ညီမလေးက ပြိုင်တူခေါင်းခါပြကြတယ်။ အမေက ကလေးတွေကို ပြုံးပြုံးကြီးကြည့်ပြီး တီဗွီပိတ်လိုက်တယ်။

"အမေ အိပ်တော့မလို့လား ...။"

"နားတော့မယ် သားရယ်။ ၉ နာရီလည်း ထိုးနေပြီ။"

"ဟုတ်ကဲ့ အမေ" လို့ပြောပြီး ကလေးတွေကို ကြည့်လိုက်တော့ ...

"သားတို့က မအိပ်သေးဘူးနော်။ ပြီးအောင် ဆက်ပြောပြ ...။"

ကျွန်တော်က ညီလေးရဲ့ခေါင်းကို ဖွဖွလေးပုတ်လိုက်ပြီး ပြောပြမှာပေါ့ကွလို့ ပြန်ပြောလိုက်တယ်။ ညီမလေးက ကျွန်တော့်မျက်နှာကိုငေးပြီး ဆက်ပြောပြမှာကို စောင့်နေတယ်။

"ဒီတစ်ခါတော့ 4G အလှည့်ပေါ့ကွာ ...။ ပထမဆုံး 4G LTE (Long–Term Evolution) စီးပွားဖြစ် ကွန်ရက်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလက ဆွီဒင်နိုင်ငံနဲ့ နော်ဝေနိုင်ငံတို့မှာ TeliaSonera ကုမ္ပဏီက စပြီးအသုံးပြုခဲ့တာပေါ့။ မြန်မာနိုင်ငံမှာတော့ 4G (LTE) ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်မှာ စတင်အသုံးပြုခဲ့ကြတယ်။

"4G နည်းပညာခေတ်ကိုရောက်လာတဲ့အခါမှာ အင်တာနက်မြန်နှုန်းက အရှိန်အဟုန်ပြင်းပြင်းနဲ့ ပိုပြီးမြန်ဆန်လာတော့တာပဲ။ 3G တုန်းက မြန်နှုန်းက 384 Kbps ကနေ 42 Mbps ပဲ ရှိတာကိုး ...။ 4G မှာကျတော့ 100 Mbps ကနေ 1 Gbps အထိရှိလာပြီး မြန်နှုန်းက ၁၀ ဆအထိ ကွာသွားတယ်။ Kbps က တစ်စက္ကန့်မှာ bit ပေါင်းတစ်ထောင် ပို့လွှတ်နိုင်တာကို ပြောတာပေါ့ ညီလေးရာ။ Mbps က တစ်သန်းပို့နိုင်တာကို ပြောတာဖြစ်ပြီး Gbps က သန်းတစ်ထောင်ကို ပြောတာပါ။

" 4G ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ကမ္ဘာတစ်ဝန်းလုံးက ဖုန်းအသုံးပြုသူတွေကို "အလွန်မြန်တဲ့ ဒေတာစနစ်" နဲ့ အရည်အသွေး အကောင်းဆုံး ဝန်ဆောင်မှုတွေပေးနိုင်ဖို့ပဲ။

"ထူးခြားချက်ကတော့ ဖုန်းလိုင်းစနစ်ကြီး တစ်ခုလုံးကို အင်တာနက်စနစ်သက်သက်အဖြစ် ပြောင်းလဲပစ်လိုက်တာ။ ဒါကြောင့်မို့ အသံပဲပြောပြော၊ ဗီဒီယိုပဲကြည့်ကြည့်၊ ဒေတာပဲပို့ပို့ အားလုံးကို အင်တာနက်လမ်းကြောင်းပေါ်ကနေ မြန်နှုန်းအမြင့်ဆုံးနဲ့ ပို့ဆောင်ပေးနိုင်ခဲ့တာပေါ့။

"4G ခေတ်မှာ ဖုန်းခေါ်ဆိုမှုအတွက် အကောင်းဆုံး ပြောင်းလဲမှုတစ်ခုကတော့ VoLTE (Voice over LTE) နည်းပညာပဲ။ အရင်က 4G သုံးနေရင်း ဖုန်းလာရင် အင်တာနက်လိုင်းက 3G သို့မဟုတ် 2G ကို အလိုအလျောက် ကျသွားတတ်တယ်။ VoLTE စနစ်ကြောင့်

- ဖုန်းပြောနေရင်းလည်း အင်တာနက်လိုင်းမကျဘဲ တစ်ပြိုင်တည်း သုံးနိုင်လာတယ်။
- ဖုန်းခေါ်လိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်း တန်းဝင်သွားတယ်။
- အသံအရည်အသွေးကလည်း ဘေးနားမှာပဲ ထိုင်ပြောနေသလို တော်တော်ကြည်လင်ပြတ်သားတဲ့ HD Voice ကို တင်မကဘဲ Video Call ကိုပါ ထောက်ပံ့မှုပေးနိုင်လာတယ်။

"သတိပြုစရာအနေနဲ့ကတော့ သုံးတဲ့ဖုန်းက VoLTE စနစ်ကို မပံ့ပိုးဘူးဆိုရင် ဖုန်းခေါ်တဲ့အခါ အသံပြောနိုင်ဖို့အတွက် ဖုန်းလိုင်းက 2G ဒါမှမဟုတ် 3G ကွန်ရက်ဆီ ခဏပြန်ဆင်းသွားပြီး သုံးနေတဲ့ အင်တာနက်လိုင်းက ကျသွားတတ်တယ်။

"ခြုံငုံပြောရရင်တော့ 4G နည်းပညာက အချိန်မရွေး၊ နေရာမရွေး ဗီဒီယိုတွေကြည့်နိုင်မယ်၊ ဂိမ်းတွေ ဆော့နိုင်မယ်၊ အင်တာနက်ကို ကွန်ပျူတာထက်မက မြန်မြန်ဆန်ဆန် သုံးနိုင်အောင် ဖန်တီးပေးနိုင်ခဲ့တယ်။

"4G ရဲ့ မြန်နှုန်းမြင့် ဒေတာစနစ်က နည်းပညာလောကတင်မကဘဲ လူတွေရဲ့ နေ့စဉ်ဖြတ်သန်းမှုပုံစံနဲ့ စီးပွားရေးလောကကြီးတစ်ခုလုံးကိုပါ ပြောင်းလဲပစ်ခဲ့တာပေါ့။ အရင်က ကွန်ပျူတာရှေ့မှာပဲလုပ်နိုင်ခဲ့တဲ့အရာတွေကို လက်ထဲက ဖုန်းတစ်လုံးတည်းနဲ့ အချိန်မရွေးလုပ်ဆောင်လာနိုင်တာဟာ 4G ရဲ့ နည်းပညာကြောင့်ပဲ။

"4G ရဲ့ မြန်ဆန်တဲ့ အင်တာနက်ကြောင့် Taxi လှမ်းခေါ်တဲ့ ရိုက်ရှဲရင်း (Ridesharing) အက်ပလီကေးရှင်းတွေ၊ အိမ်ထဲကနေ အစားအသောက်မှာယူနိုင်တဲ့ Food Delivery စနစ်တွေနဲ့ အွန်လိုင်းကနေ ပစ္စည်းမျိုးစုံဝယ်ယူနိုင်တဲ့ E–commerce စနစ်တွေဟာ အရှိန်အဟုန်နဲ့ တိုးတက်လာခဲ့တယ်"

"ဟာ ကိုကြီး ...။"

ညီမလေးက ရုတ်တရက်ထခေါ်လိုက်တော့ ကျွန်တော်လည်း အလန့်တကြားနဲ့ ...

"ဟင် ... ဘာဖြစ်လို့လဲ ညီမလေး ...။"

"မနက်ဖြန် ကိုကြီးလည်း ရုံးပိတ်တယ်လေ။ Food Delivery နဲ့ မုန့်ဝယ်ကျွေး ...။"

"ဘာများလဲလို့ ညီမလေးရယ် ...။ ဝယ်ကျွေးမယ် ဝယ်ကျွေးမယ်။"

ကျွန်တော်က မုန့်ဝယ်ကျွေးမယ်ပြောလိုက်တော့ ကလေးနှစ်ယောက် လက်ခုပ်တီးပြီး ပျော်နေကြတယ်။ ကျွန်တော်က ဆက်ပြီး ...

"ကဲ 4G အကြောင်းက ပြောဖို့ကျန်သေးတယ်။ ဆက်ပြောပြမယ် ...။ 4G စနစ်ကြောင့် ရုံးမသွားဘဲ အိမ်ကနေ အစည်းအဝေးလုပ်နိုင်တဲ့ Zoom၊ Teams တို့လို ... Video Conferencing လုပ်ငန်းတွေနဲ့ အွန်လိုင်းပေါ်မှာ တိုက်ရိုက်အရောင်းအဝယ်လုပ်တာ၊ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်မှု (Live Streaming) လုပ်ငန်းတွေက အဆင်ပြေချောမွေ့လာတယ်။ အပြင်ထွက်ပြီး ပိုက်ဆံတန်းစီလွှဲစရာမလိုတော့ဘဲ ဖုန်းထဲကနေ ငွေပေးချေတာ၊ ငွေလွှဲတာတွေ လုပ်နိုင်တဲ့ Mobile Wallet (Digital Money) စနစ်တွေနဲ့ မိုဘိုင်းဘဏ်လုပ်ငန်းတွေက အများပြည်သူကြားမှာ ရေပန်းအစားဆုံးနဲ့ အတွင်ကျယ်ဆုံး ဖြစ်လာခဲ့တယ်။"

"တော်တော်ကို အဆင်ပြေသွားတာနော် ကိုကြီး။"

ညီလေးရဲ့အပြောကို ကျွန်တော်က "အေးပေါ့ ညီလေးရ" လို့ ပြန်ပြောလိုက်တယ်။ ညီမလေးကို ကြည့်တော့ မျက်လုံးလေးစင်းပြီး အိပ်ချင်နေတဲ့ ရုပ်ကလေးဖြစ်နေပြီ။ အဲဒါနဲ့ ...

"မနက်ဖြန်မှ ဆက်ပြောတော့မယ်လေ။ အိပ်ကြတော့ ...။"

ညီလေးက ခေါင်းခါပြတယ်။ ညီမလေးက မျက်လုံးကိုတမင်ပြူးပြပြီး ...

"ညီမလေး မအိပ်ချင်သေးပါဘူး ကိုကြီးရဲ့ ...။"

ကျွန်တော်က ညီမလေးပုံစံနဲ့ အပြောကို သဘောကျနေမိတယ်။

"ကဲ အဲဒါဆိုလည်း မြန်မြန်လေးပြောလိုက်တော့မယ်။ အခုက 5G အကြောင်းနော် ...။

"ကိုကြီးတို့လက်ရှိအသုံးပြုနေတဲ့ 4G နည်းပညာထက် အဆပေါင်းများစွာ သာလွန်ကောင်းမွန်တဲ့ 5G (5th Generation) က ဆက်သွယ်ရေးလောကရဲ့ ပဥ္စမမြောက်မျိုးဆက်ပေါ့နော်။ 5G ဆိုတာ သာမန်ဖုန်းအင်တာနက် မြန်ရုံသက်သက်မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ စက်ပစ္စည်းအားလုံးကို ကွန်ရက်တစ်ခုတည်းအောက်မှာ စက္ကန့်ပိုင်းအတွင်း ချိတ်ဆက်ပေးဖို့ ဖန်တီးထားတာ။ အာဆီယံနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာတော့ 5G ကို စပြီးသုံးနေကြပြီ။ မြန်မာနိုင်ငံမှာလည်း စပြီးသုံးဖို့ ကြိုးစားနေကြပါပြီ။ သိပ်မကြာခင်မှာ သုံးလို့ရတော့မှာပါ။ 4G မြန်နှုန်းက 100 Mbps ကနေ 1Gbps အထိရှိပြီးတော့

*စာမျက်နှာ ၇ သို့*

❂ "4G ကနေ 5G ကို ပြောင်းလဲအသုံးပြုတဲ့အခါ သုံးစွဲသူတွေအတွက် အသိသာဆုံးနဲ့ အဓိကအကျဆုံး တိုက်ရိုက်အကျိုးကျေးဇူးကတော့ eMBB (Enhanced Mobile Broadband) Service ဖြစ်လာတယ်။ eMBB ဆိုတာ ရိုးရိုးရှင်းရှင်းပြောရရင် လက်ရှိ 4G ထက် ပိုမိုမြန်ဆန်ပြီး ပမာဏအမြောက်အမြားရှိတဲ့ Data တွေကို အတော်မြန်ဆန်တဲ့ စွမ်းဆောင်ရည်နဲ့ ထောက်ပံ့ပေးနိုင်

❂ နည်းပညာတွေ အဆင့်ဆင့်ပြောင်းလဲလာတဲ့အပေါ်မှာ ကျွန်တော်တို့ဟာ မကျန်ရစ်ခဲ့ဖို့ လိုပါတယ်။ ဒီနည်းပညာတွေ မြင့်မားလာတာကြောင့်ပဲ လူသားတွေရဲ့ နေထိုင်ဖြတ်သန်းမှုတွေဟာ တစ်ခေတ်ထက်တစ်ခေတ် ပိုပြီးအဆင်ပြေချောမွေ့လာကြတာပါ။ ဒါကို လျစ်လျူရှုပြီးနေလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဘဝတွေ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်မိသားစုဘဝတွေဟာ အနာဂတ်ကမ္ဘာမှာ အများနည်းတူ လှလှပပလေးရှင်သန်ဖို့ လိုအပ်

# ရှေ့နေရှေ့ရပ်များအတွက် AML/CFT/CPF သင်တန်း ဖွင့်လှစ်




**နေပြည်တော် ဩဂုတ် ၁၅**

ရှေ့နေရှေ့ရပ်များသည်ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ ကြိုတင်ကာကွယ်ရေးနှင့် သတင်းပို့တာဝန်ကို ဆောင်ရွက်ရမည့် သတင်းပို့ အဖွဲ့အစည်းများဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနက ကြီးကြပ်ရေးအာဏာပိုင်အဖြစ် ကြီးကြပ်ဆောင်ရွက်ကြောင်း ယနေ့နံနက်ပိုင်းတွင် Hotel Max နေပြည်တော်၌ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ကြီးမှူးကျင်းပသည့် ရှေ့နေ ရှေ့ရပ်များအတွက် AML/ CFT/ CPF သင်တန်း မှသိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက မြန်မာပြည်သူတို့၏ဘဝ လုံခြုံမှုရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားမဖြစ်စေရန် AML/ CFT/ CPFကို ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ FATF (Financial Action Task Force) ၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊AML/ CFT အမျိုးသားအဆင့် မဟာဗျူဟာ ပထမသက်တမ်း(၂၀၁၉-၂၀၂၃) လွန်မြောက်၍ ဒုတိယသက်တမ်း(၂၀၂၄-၂၀၂၈) ကာလအတွင်းရောက်ရှိ အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး/ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး/ လူအများအပြားသေကြေစေသော လက်နက်ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့ကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအသစ်ပြဋ္ဌာန်းခဲ့ပြီးလည်းဖြစ်ပါကြောင်း ယခုသင်တန်းသည် ရှေ့နေရှေ့ရပ်များအတွက် AML/CFT ဆိုင်ရာ အသိပညာနှင့် စွမ်းဆောင်ရည် မြင့်မားရေးကို ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရှေ့နေရှေ့ရပ်များအနေဖြင့် ဥပဒေကပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကြီးကြပ်ရေးအာဏာပိုင်၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် အသိပေးပြောကြားခဲ့သည်။

သင်တန်းကို ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် AML /CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၆ခုနှစ်)၏ လုပ်ငန်းအစီအစဉ် ၂.၆.၂၊ ၃.၁.၁၊ ၃.၂.၂၊ ၃.၂.၄၊ ၃.၃.၂ တို့အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်အဆင့် တရားသူကြီးများ၊ AML/ CFT လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တရားလွှတ်တော် ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ သင်တန်းပို့ချမည့်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ရှေ့နေရှေ့ရပ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်မင်္ဂလာကန်အတွင်း မြေထိန်းကျောက်စီနံရံများ ပြုပြင်ဆောင်ရွက်ရန်နှင့် မြို့ပတ်လမ်းယာဉ်သွားလာမှုလွယ်ကူချောမွေ့ရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌမှာကြား

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန့်ရှင်းသာယာ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မင်္ဂလာကန်အတွင်း မြေထိန်းကျောက်စီနံရံများ ရေတိုက်စား၍ ပြိုကျပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းက မှာကြားသည်။




ယနေ့ညနေပိုင်းက မြို့တွင်းလမ်းများအခြေအနေနှင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး ပျဉ်းမနား-တောင်ညိုကားလမ်းဘေးရှိ မင်္ဂလာကန်ပတ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစဉ် ယင်းသို့ မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စံပယ်အိမ်ရာ၊ ပြည်ကြီးဖေယျာလမ်း တစ်လျှောက်နှင့် လူပျိုဆောင်နှင့် အပျိုဆောင် အတွင်းအပြင် လမ်းဘေးဝဲ/ယာရှိ ချုံနွယ်များ၊ ခါတ်ကြိုးနှင့် မလွတ်ကင်းသည့် အပင်များ ခုတ်ထွင်ရှင်းလင်းရန်၊ လမ်းများပေါ်ရေဝပ်မှုမရှိစေရေး၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် နေပြည်တော် မြို့ပတ်လမ်းနှင့် သံလွင်လမ်းထောင့်သို့ ရောက်ရှိပြီး **(အပေါ်ပုံ)** ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ သွားလာမှုလွယ်ကူချောမွေ့ရေး ပြုပြင်ဆောင်ရွက်ရန်နှင့် ရန်ကုန် - မန္တလေး မီးရထားလမ်းခုံးကျော် တံတားတည်ဆောက်နေသည့် နေရာအနီးလမ်းဘေးဝဲ/ယာတွင် ပန်းအလှပင်နှင့် အရိပ်ရပင်များစိုက်ပျိုးရန်၊ သံလွင်လမ်းမကြီး (မင်္ဂလာဈေးအနီး) ရှေ့လမ်းလယ်ကျွန်း ပြန်လည်ပြုပြင်ရန်၊ ရာဇသင်္ဂဟလမ်း ကုမုဒြာကြာပန်းအဝိုင်းမှ ရေပန်းဥယျာဉ်သို့ သွားရာလမ်းဘေးတစ်လျှောက်ရှိ ရေကန်များဘေး၌ ရေစီးရေလာကောင်းမွန်ရေး ပြုပြင်ဆောင်ရွက်ရန်နှင့် လမ်းလယ်ကျွန်းများကို သန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**တောင်ငူ ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းကျန်းမာရေးလှုပ်ရှားမှုများကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းစုလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်းက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်က အစာအုပ်စု (၅) အုပ်စုနှင့် ညီမျှစွာစားသုံးစေရေးနှင့်ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးမှူးက သွားကျန်းမာရေး၊ သွားတိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား မေးခွန်းများမေးမြန်းခြင်းကို ဆောင်ရွက်ခဲ့ရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက မေးခွန်းမေးမြန်းခြင်း အစီအစဉ်မှ ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပြီး KG ကလေးငယ်များအား အာဟာရချက်ပြုတ်ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

*စာမျက်နှာ ၆ မှ*

5G မြန်နှုန်းက 1Gbps ကနေ 20Gbps အထိရှိတော့ 5G ရဲ့ မြန်နှုန်းက လက်ရှိသုံးနေတဲ့ 4G ထက် အဆပေါင်း ၁၀ ဆကနေ အဆ ၁၀၀ အထိ ပိုမြန်တယ်။ 4G နဲ့ ရုပ်ရှင်တစ်ကားဒေါင်းဖို့ မိနစ်ပိုင်းစောင့်ရမယ်ဆိုရင် 5G မှာတော့ စက္ကန့်ပိုင်းပဲ ကြာလိမ့်မယ်။ ပြီးတော့ အဝေးကနေ စက်ရုပ်တွေနဲ့ ခွဲစိတ်ကုသတာ၊ မောင်းသူမဲ့ကားတွေ အန္တရာယ်ကင်းကင်း မောင်းနှင်တာမျိုးတွေ လုပ်နိုင်တယ်။

"အိမ်က မီးသီး၊ ရေခဲသေတ္တာ၊ လမ်းက မီးပွိုင့်ကအစ စက်ရုံက ကိရိယာတွေအထိ အရာရာကို ချိတ်ဆက်နိုင်တဲ့အပြင် စမတ်ကိရိယာတွေ၊ ကားတွေ၊ စက်ရုံလုပ်ငန်းတွေမှာ စက်ပစ္စည်းသန်းပေါင်းများစွာကို လိုင်းကောင်းကောင်းနဲ့ တစ်ပြိုင်နက်ချိတ်ဆက်ပေးနိုင်စွမ်းရှိလာတယ်။

"4G ကနေ 5G ကို ပြောင်းလဲအသုံးပြုတဲ့အခါ သုံးစွဲသူတွေအတွက် အသိသာဆုံးနဲ့ အဓိကအကျဆုံး တိုက်ရိုက်အကျိုးကျေးဇူးကတော့ eMBB (Enhanced Mobile Broadband) Service ဖြစ်လာတယ်။ eMBB ဆိုတာ ရိုးရိုးရှင်းရှင်းပြောရရင် လက်ရှိ 4G ထက် ပိုမိုမြန်ဆန်ပြီး ပမာဏအမြောက်အမြားရှိတဲ့ Data တွေကို အတော်မြန်ဆန်တဲ့ စွမ်းဆောင်ရည်နဲ့ ထောက်ပံ့ပေးနိုင်တယ်။

"4G ထက် အဆပေါင်းများစွာ မြန်ဆန်တဲ့ Data Speed ကို ရရှိနိုင်မယ်။ App ဖိုင်အကြီးတွေကို updates လုပ်တာ၊ ဖိုင်အကြီးကြီးတွေကို Cloud ပေါ် Upload/Download လုပ်တာတွေကို စက္ကန့်ပိုင်းအတွင်း ပြီးစေမယ်။ High-Quality Streaming Video တွေ ကြည့်တဲ့အခါ လည်နေတာမျိုး လုံးဝမရှိဘဲ 4K ဒါမှမဟုတ် 8K Ultra HD ဗီဒီယိုတွေကို ချောချောမွေ့မွေ့ ကြည့်ရှုလာနိုင်မယ်။ Live ဖျော်ဖြေပွဲတွေကို ကိုယ်တိုင်သွားကြည့်ရသလို Resolution အပြည့်နဲ့ကြည့်နိုင်မယ်။ မိသားစုဝင်တွေ (ဒါမှမဟုတ်) လုပ်ငန်းခွင် အစည်းအဝေးတွေအတွက် Video Call ခေါ်တဲ့အခါ ရုပ်ထွက်ဝါးသွားတာ၊ အသံနဲ့ရုပ်မညီတာတွေ မရှိတော့ဘဲ တစ်ဖက်နဲ့တစ်ဖက် မျက်နှာချင်းဆိုင် စကားပြောနေရသလိုမျိုး ကြည်လင်ပြတ်သားတဲ့ ရုပ်သံနဲ့ အချိန်နဲ့တစ်ပြေးညီ (Real-time) ဆက်သွယ်နိုင်မယ်။"

ညီလေးက ပါးစပ်အဟောင်းသားနဲ့...

"ရှယ်ပဲဗျာ ကိုကြီးရာ...။ "

"ဒါပေါ့ကွ၊ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ လူနေမှုအဆင့်အတန်းတွေကလည်း မြင့်မားပြီး အဆင်ပြေချောမွေ့လာမှာပဲ ..."

ညီမလေးကတော့ ကျွန်တော့်စကားဆုံးတော့ ရယ်ကျဲကျဲနဲ့ ...

"သွားအိပ်တော့မယ်။ ခေါင်းတွေလည်း မူးသွားပြီ"

"သားလည်း အိပ်တော့မယ်။"

"အေး အေး အိပ်ကြတော့ ... ကိုကြီး ခြင်ထောင်တွေ ထောင်ပေးမယ်" ဆိုပြီး သူတို့အိပ်ဖို့ ပြင်ဆင်ပေးလိုက်တယ်။

ကျွန်တော် အိပ်ရာထဲရောက်တော့ အိပ်မပျော်နိုင်သေးဘဲ 1G ကနေ 5G အထိ အဆင့်ဆင့်ပြောင်းလဲလာတာကို ခြုံငုံတွေးတောနေမိတယ်။ နည်းပညာတွေ အဆင့်ဆင့်ပြောင်းလဲလာတဲ့အပေါ်မှာ ကျွန်တော်တို့ဟာ မကျန်ရစ်ခဲ့ဖို့ လိုပါတယ်။ ဒီနည်းပညာတွေ မြင့်မားလာတာကြောင့်ပဲ လူသားတွေရဲ့ နေထိုင်ဖြတ်သန်းမှုတွေဟာ တစ်ခေတ်ထက်တစ်ခေတ် ပိုပြီးအဆင်ပြေချောမွေ့လာကြတာပါ။ ဒါကို လျစ်လျူရှုပြီးနေလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဘဝတွေ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်မိသားစုဘဝတွေဟာ အနာဂတ်ကမ္ဘာမှာ အများနည်းတူ လှလှပပလေးရှင်သန်ဖို့ လိုအပ်နေတာကြောင့်ပါ ...။ ။

# နေပြည်တော်အတွင်းရှိ ဆန်စပါး ပြည်ပတင်ပို့ဇုန် (Rice Export Zone) များတွင် ပါဝင်သည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆန်စပါးစိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်း ထောက်ပံ့ပေးလျက်ရှိပြီး နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ကျေးရွာ ၁၀ ရွာရှိ တောင်သူများအတွက် ငွေကျပ်သိန်းပေါင်း ၅၆၀၀ ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆန်စပါး ပြည်ပတင်ပို့ဇုန် (Rice Export Zone) များတွင် ပါဝင်သည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO Group) ၏ ဆန်စက်နှင့် ဖွဲ့နှဲဆီစက်နေရာ၌ကျင်းပပြီး အခမ်းအနားတွင် ဒုတိယဝန်ကြီးများနှင့် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မြို့နယ် ငါးမြို့နယ်မှ ကျေးရွာ ၁၀ ရွာရှိ တောင်သူ ၅၂၂ ဦး၏ စိုက်ဧက ၂၈၀၀ အတွက် စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၅၆၀၀ နှင့် 





နေပြည်တော်ကောင်စီဝင်များက အစေ့ချစက် (Seeders) များကို ပေးအပ်ခဲ့ကြသည်။

စိုက်ပျိုးစရိတ်ပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း **(အပေါ်ပုံ)**က ပြည်ပဈေးကွက်လိုအပ်သည့် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်နိုင်ရန်၊ တောင်သူများ၏ အထွက်နှုန်းနှင့် ဝင်ငွေတိုးတက်စေရန်၊ မြန်မာ့ဆန်တင်ပို့မှုတိုးမြှင့်ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် စိုက်ပျိုးခြင်းမှစတင်ကာ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းအထိ စနစ်တကျချိတ်ဆက်နိုင်သော Value Chain ကို ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ဆန်စပါးတင်ပို့မှုဇုန် (Rice Export Zone) များ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် ဈေးကွက်ကို အမိအရချိတ်ဆက်နိုင်ပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကိုရှာဖွေ၍ စနစ်တကျစိုက်ပျိုးကာ တစ်ဧကအထွက်နှုန်းတိုးမြှင့်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့ပြင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားပြီး India Aditya Engineers Group မှ တာဝန်ရှိသူများကို လက်ဆောင်ပစ္စည်းများပေးအပ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြား၍ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO Group) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ဆန်စပါးထုတ်လုပ်တင်ပို့ရောင်းချမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စက်ရုံပြခန်းများ၊ လယ်ယာသုံးကိရိယာပြခန်းများ၊ သွင်းအားစုပြခန်းများနှင့် တန် ၂၄၀ ဆန်စက် ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုးမြစ်ရေ မအူပင်မြို့၌ စိုးရိမ်ရေမှတ် အထက် ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့မွန်းလွဲ ၂ နာရီ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄ စင်တီမီတာ (၂ လက်မခန့်) အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ဖလမ်းမြို့ ဗလိုင်ရပ်ကွက် ဗဟိုကျောင်းလမ်းတစ်လျှောက်ရှိ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးသွားသည့်အပျက်အစီးများအား ရှင်းလင်းဖယ်ရှား

**ဖလမ်း ဩဂုတ် ၁၅**

ချင်းပြည်နယ် ဖလမ်းမြို့ရှိ ဗလိုင်ရပ်ကွက် ဗဟိုကျောင်းလမ်းတစ်လျှောက်ရှိ အကြမ်းဖက်လုပ်ရပ်များကြောင့် ပျက်စီးသွားသည့် အပျက်အစီးများကို ယနေ့တွင် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာဦးသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ စုပေါင်းလုပ်အားပေး အင်အား ၂၅၂ ဦးအား မုန့်နှင့် အချိုရည်များ ပေးဝေကြသည်။

ထို့ပြင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အဆောက်အအုံ အပျက်အစီးများနှင့် ချုံနွယ်များကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်း ဖယ်ရှားနေမှုနှင့် ကျောင်းအဆောက်အအုံ အကြီးစား ပြုပြင်ရန်လိုအပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဆူရ်ဘုန်လေဆိပ်ရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့်လေဆိပ်အဆောက်အအုံများ၊ စက်ပစ္စည်းများနှင့် လေယာဉ်ပြေးလမ်းအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း၍ မြို့မရပ်ကွက် အထက(ခွဲ)ကျောင်းလမ်းနှင့် ချယ်ရီလမ်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်မှု၊ မြို့မရပ်ကွက် အစ်နား(Itna) ရေထွက်အနီးဝန်းကျင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းမှု၊ ကမ်ဟောက်လမ်းမကြီးဘေးတွင် မြို့နယ်လမ်းဦးစီးဌာနမှ မြေထိန်းနံရံ တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအတွင်းရေးမှူးသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက လေးဆန်ရပ်ကွက်နှင့် ခေါဝုန်ရပ်ကွက်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်အောင်တာ တာမိုင် ၆/၇ - ၇/၀ အတွင်း စွန့်ပစ်တာအနီး ကမ်းပြိုကမ်းစား လျော့ပါးသက်သာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်အောင်မြို့နယ်ရှိ မြန်အောင်တာ တာမိုင် ၆/၇ – ၇/၀ အတွင်း စွန့်ပစ်တာအနီး ကမ်းပြိုကမ်းစားလျော့ပါးသက်သာစေရန် ထိန်းသိမ်းရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေကာင်းစခန်းတွင် အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှု၊ ပန်းတာကြွခိုင်မှု အခြေအနေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်



သည် ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာတမံထိခိုက်စေနိုင်သည့် အချက်များတွေ့ရှိပါက အချိန်မီကာကွယ်နိုင်ရေးလုပ်ငန်းစဉ်များ၊ သတိပြုရမည့် အချက်များ၊ ဆောင်ရွက်ရန်လိုအပ်ချက်များ၊ စုဆောင်းထားရှိသည့် အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အမြန်ဆုံးသယ်ယူပို့ဆောင်နိုင်ရေး၊ ထပ်မံလိုအပ်ပါက ရေလမ်း၊ ကုန်းလမ်းမှ ဖြည့်စွက်ထားရှိနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊ အရေးပေါ်အခြေအနေကြုံတွေ့လာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ကာကွယ်နိုင်ရေး၊ ကျေးရွာများတွင် ရေဘေးကာကွယ်ရေး အရေးပေါ်ဆောင်ရွက်မှုများကို သရုပ်ပြလေ့ကျင့်ခြင်းများ ချက်ချင်းလုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့ပြင် တာဝန်ရှိသူများ၊ ဒေသခံမြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဒေသနေပြည်သူများကိုယ်တိုင်ပါဝင်သော အရပ်ရေကာင်းစခန်းများနှင့် ဌာန၏ ရေကာင်းစခန်းများ ချိတ်ဆက် ပူးပေါင်းဆောင်ရွက်နေမှု၊ တာတမံ ကြွခိုင်မှု၊ မိုးကာလရေကာင်းတာဝန်ချ လှည့်လည်ဇယားများ၊ အရေးပေါ်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ခရီးစဉ်၌ ဓနုဖြူမြို့နယ်အတွင်း တာမိုင်(၄၃/၃)ရှိ အလမျိုးရေကာင်းစခန်း မြို့မဒေသစိတ်၊ တာမိုင်(၄၆/၃)ရှိ မရမ်းချောင်းရေကာင်းစခန်း မြို့မဒေသစိတ်၊ ညောင်တုန်းမြို့နယ်အတွင်း တာမိုင်(၆၇/၄)ရှိ ကြိမ်ပင်ဆယ်ရေကာင်းစခန်း စက္ကော့ဒေသစိတ်နှင့် ညောင်တုန်းကျွန်းတာ တာမိုင်(၂၄/၁)ရှိ ဝါးတောရေကာင်းစခန်း၊ မအူပင်မြို့နယ် မအူပင်ကျွန်းတာ (တောင်ပိုင်းတာ) တာမိုင်(၇/၀)ရှိ မင်းဘောရေတံခါးကြွခိုင်မှု၊ ရေဝင်ရေထွက်အခြေအနေနှင့် ကျိုက်လတ်မြို့နယ် လတာကြီးကျေးရွာအနီး တာမိုင် (၁၈/၀) ကမ်းပြိုကမ်းစားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မကွေးမြို့နယ် မြေနုကျွန်းကျေးရွာ ရေဘေးရှောင်ပြည်သူများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်

**မကွေး ဩဂုတ် ၁၅**

ရောဝတီမြစ်ရေဝင်ရောက်မှုများကြောင့် ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရသည့် ရေဘေးရှောင်ပြည်သူများအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယမန်နေ့မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုသည် မကွေးမြို့နယ် မြေနုကျေးရွာအုပ်စု မြေနုကျေးရွာသို့ သွားရောက်၍ ရေဘေးသင့်အိမ်ထောင်စုပေါင်း ၁၄၄ စုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ဆန် လေးပြည်၊ ဆီ ၂၅ ကျပ်သား၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ကြက်ဥ ၁၀ လုံးနှင့် ရေသန့် 1-Litre တစ်ကတ်နှုန်း၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၉ သိန်းကျော်အားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ရေဘေးသင့်အိမ်ထောင်စုများမှ လူဦးရေ ၅၅၀ အတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုးငွေကျပ် ၅၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၇ သိန်းကျော်ကိုလည်းကောင်း ရေဘေးရှောင်ပြည်သူများထံ ပေးအပ်သည်။

ဆက်လက်၍ မကွေးတိုင်းအားကစားကွင်း၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် ရေနံမြေသခင်



ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ကသစ်မြေ (မြို့သစ်_FC) ဘောလုံးအသင်းနှင့် မင်္ဂလာပါ (ပြည်_FC) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍ ဆုရရှိသည့် ဘောလုံးအသင်းများအား တစ်ဦးချင်းဆုဆွဲပြား၊ ဒိုင်းဆုနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပဲခူး ဩဂုတ် ၁၅**

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်း ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာအနီး ရောဝတီ



မြစ်ကမ်း ရေတိုက်စားခြင်းအား ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ လက်ပံတန်းမြို့နှင့် မိုးညိုမြို့တို့ကို ရေဘေးကာကွယ်ပေးထားသည့် ရောဝတီမြစ်အရှေ့ဘက်ရှိ ရေဘေးကာကွယ်ရေးတာများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် လက်ပံတန်းမြို့နယ် ကွမ်းသီးတစ်ပင် ကျေးရွာအုပ်စု စာနီစုကျေးရွာအနီးရှိ ရောဝတီအရှေ့ဘက်ကမ်းတာ တာမိုင်၉/၀ ၌ ကမ်းရင်းတာကမ်းပါး ရေတိုက်စားမှုဖြစ်ပေါ်ခဲ့ရာ ကာကွယ်နေမှုအခြေအနေနှင့် ပန်းတာကြံ့ခိုင်ရေးပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရောဝတီအရှေ့ဘက်ကမ်း ရေဘေးကာကွယ်ရေးတာများသည် သက်တမ်းကြာမြင့်သည့် မြေသားတာပေါင်များဖြစ်ခြင်း၊ ရောဝတီမြစ်ကြောင်း ပြောင်းလဲခြင်းတို့ကြောင့် တာများ၏ ကြံ့ခိုင်မှုကို ရေကင်းများထားရှိ၍ စဉ်ဆက်မပြတ်စောင့်ကြည့်ရန်၊ တာပြင်ဆင်ရန် လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများ ပြည့်စုံစွာထားရှိရန် မှာကြားသည်။

အလားတူ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ရေဘေးကာကွယ်ရေးတာများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်မှာကြားပြီး ထောက်ပံ့ပစ္စည်း၊ နေ့လယ်စာထမင်းဘူး၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် စာနီစုရေဘေးကာကွယ်ရေး ပန်းတာကြံ့ခိုင်မှု ဆောင်ရွက်နေကြသော ဌာနဆိုင်ရာများ၊ ဒေသခံလုပ်အားပေးများအတွက် ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အခြေခံငါးမွေးမြူရေးနှင့်ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်း၌ ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်အထိဖွင့်လှစ်လျက်ရှိပြီး သင်တန်းသားသင်တန်းသူ ၃၀ ကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ကျင်းပသည့် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး**(အောက်ပုံ)** ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ ငါးသားဖောက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**





# ဟင်္သာတတက္ကသိုလ် သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုသိမ် ဩဂုတ် ၁၅**

ဟင်္သာတမြို့ရှိ ဟင်္သာတတက္ကသိုလ် သန့်ရှင်းသာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် ဌာနဆိုင်ရာများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ပြည်သူများသည် ယနေ့နံနက်ပိုင်းက တက္ကသိုလ်ပရဝဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။**(အောက်ပုံ)**

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် ဟင်္သာတမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဧရာဝတီတိုင်းဒေသကြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ PEC Private School (Pathein)တို့က လှူဒါန်းသည့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ဟင်္သာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ စေတနာရှင် အလှူရှင်များက စုစုပေါင်း ဆန်အိတ် ၅၀၀ လှူဒါန်းမှုကိုလည်းကောင်း တက်ရောက်လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့အတူ Aung Oo Thar ကုမ္ပဏီလီမိတက်နှင့် GD Good Golden ထရေးဒင်း ကုမ္ပဏီလီမိတက်တို့မှ ဧရာဝတီတိုင်းဒေသကြီးအရောင်းကိုယ်စားလှယ်များက စုပေါင်းလှူဒါန်းသည့် စားအုန်းဆီ ၅၀ ကျပ်သား ဘူး ၅၀၀၀၊ Than Thar ကုမ္ပဏီလီမိတက်က လှူဒါန်းသည့် စားအုန်းဆီ ၅၀ ကျပ်သားဘူး ၄၅၀၀ တို့ကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ ခရီးစဉ်အတွင်း မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကိုလည်းကောင်း၊အမှတ်(၁)ရပ်ကွက် မြန်အောင်တာ အရှေ့ဘက်ရှိ ဆည်မြောင်းကမ်းနားတာ (တာဟောင်း) ကမ်းပြိုမှုသက်သာစေရန် ဆောင်ရွက်ထားရှိမှု၊ မြန်အောင်တာမိုင် ၆/၃နှင့်၆/၄ကြား မန်ကျီးစုပန်းတာအရှေ့ဘက်ရှိ ရေကာနံရံကြံ့ခိုင်မှုကောင်းမွန်စေရန် သဲအိတ်များဖြင့် တာခြေထောက် ဆောင်ရွက်ထားရှိမှု၊ မြန်အောင်မြို့နယ် ကနောင်မြို့အမှတ်(၃) ဈေးပိုင်းရပ်ကွက်ကမ်းနားတာ (တာဟောင်း) ကမ်းပြိုကမ်းစား ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ခရမ်းမြို့ အထက(၁)၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ခရမ်း ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားလူငယ်ရေးရာ ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့ နံနက်က ခရမ်းမြို့ အထက(၁)ကျောင်း စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၁)ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဆွေက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လူငယ်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယဦးစီးမှူးက လူငယ်နှင့်အားကစား၊ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရန်နည်းလမ်းများ စသည်ဖြင့် အသီးသီးဟောပြောခဲ့သည်။

ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဂိမ်းကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

# အရည်အသွေးကောင်းမျိုးဝါစေ့မှသည် အထွက်ကောင်းဝါ ထုတ်လုပ်ရေးဆီသို့ ...

**ဝါသီးနှံသည် အဝတ်အထည်နှင့် အခြားထုတ်ကုန်များစွာ ပြုလုပ်ရာတွင် အသုံးပြုသည့် သဘာဝချည်မျှင်များကို ထုတ်လုပ်ပေးပြီး ဝါဂွမ်းသည် ကမ္ဘာပေါ်တွင် အသုံးအများဆုံး အထည်အလိပ်ချည်မျှင်ဖြစ်သည်။**

*ဒေါက်တာခင်ခင်ကြီး*

ဝါဂွမ်း၏ သဘာဝအမျှင်ကို ထုတ်ကုန်များစွာတွင် အသုံးပြုကြပြီး အဝတ်အထည်မှ အစပြု၍ အိမ်သုံးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာထုတ်ကုန်များအထိ ပါဝင်ကာ ဝါစေ့မှ ဝါစေ့ဆီနှင့် ဝါစေ့ကြိတ်ဖတ်မှ တိရစ္ဆာန်အစာကို ရရှိသည်။ ထိုကဲ့သို့ နိုင်ငံတော်အတွက် အရေးပါသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်သော ဝါသီးနှံအား စိုက်ပျိုးရာတွင် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရန် လိုအပ်သကဲ့သို့ အဆင့်အတန်းမီ အရည်အသွေးကောင်းဂွမ်းနှင့် ချည်မျှင်များ ထုတ်လုပ်ရန်လည်း လိုအပ်ပါသည်။

သီးနှံများ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိရန် အခြေခံကျသော အကြောင်းရင်းတစ်ခုမှာ အရည်အသွေးကောင်းမွန်သောမျိုးစေ့ကို သုံးစွဲနိုင်ရေးဖြစ်သည်။ အရည်အသွေးကောင်းမွန်သော မျိုးစေ့၏ လက္ခဏာများမှာ မျိုးရိုးဗီဇသန့်စင်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာသန့်စင်မှုရှိခြင်း၊ အပင်ပေါက်နှုန်းမြင့်မားခြင်း၊ ရောဂါပိုးမွှားကင်းစင်ခြင်း၊ အစိုဓာတ်သင့်တင့်ခြင်း၊ အရွယ်အစားနှင့် ပုံသဏ္ဍာန်ညီညာမှုရှိခြင်းတို့ဖြစ်သည်။

ဝါထွက်နှုန်းနှင့် ဂွမ်းအရည်အသွေးကို လျော့ကျစေသည့် အကြောင်းရင်းများစွာထဲမှ တစ်ခုမှာ ဝါတွင် မတူညီသောပိုးမွှားများစွာ ကျရောက်ခြင်းဖြစ်သည်။ ဝါပင်ကို ထိခိုက်စေသော အဓိကပိုးမွှားများမှာ သီးလုံးဖျက်ပိုးများ၊ စုပ်စားပိုးများနှင့် ပင်စည်နှင့် ရွက်စားပိုးများဖြစ်ကြသည်။ စုပ်စားပိုးများထဲတွင် ဖြုတ်စိမ်းပိုး၊ ပျပိုး၊ လေ့းပိုး၊ ပိုးစေးနဲ့နှင့် ယင်ဖြူတို့သည် ဝါဂွမ်းစိုက်ပျိုးသည့် နိုင်ငံအားလုံးတွင် အဖြစ်အများဆုံး ပိုးမွှားများဖြစ်ကြသည်။

အဆိုပါ စုပ်စားပိုးများသည် လျင်မြန်စွာပေါက်ပွားနိုင်စွမ်းရှိခြင်းကြောင့် ဝါပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆိုးရွားစွာ ထိခိုက်စေပါသည် ရာသီအစောပိုင်းတွင် စုပ်စားပိုးများ ကျရောက်ပါက အပင်ဖြစ်ထွန်းမှုနည်းကာ သီးနှံအထွက်နှုန်းကျဆင်းခြင်းကို ဖြစ်ပေါ်စေပြီး နှောင်းပိုင်းရာသီတွင် ကျရောက်သည့် အထူးသဖြင့် ပျပိုးနှင့် ယင်ဖြူသည် ချည်အရည်အသွေးကို ထိခိုက်စေပါသည်။

ဝါပင်များကို အစောပိုင်း ကြီးထွားချိန်ကာလတွင် ဖျက်ပိုးမျိုးစုံတို့က တိုက်ခိုက်တတ်သောကြောင့် တောင်သူများ၏ အလေ့အထအရ ကျယ်ပြန့်သော အာနိသင်ရှိ ပိုးသတ်ဆေးများကို အာနိသင်ကြာရှည်စွာ ကျန်ရှိနေစေရန် ပက်ဖျန်းလေ့ရှိသည်။ ဤကဲ့သို့ ရာသီအစောပိုင်းကာလကတည်းက ပိုးသတ်ဆေးဖျန်းခြင်းသည် သဘာဝရန်သူ(မိတ်ဆွေပိုး)များကိုပါ သေစေတတ်ပြီး ယင်းနောက်တွင် ပိုးမွှားများ၊ အထူးသဖြင့် ယင်ဖြူများ ပြန်လည်ပေါက်ပွားလာစေသည်။

ပိုးမွှားများ၏ သဘာဝရန်သူ(မိတ်ဆွေပိုး)များကို ထိန်းသိမ်းခြင်းဖြင့် ပိုးသတ်ဆေးဖျန်းသည့် အကြိမ်အရေအတွက်ကို ထိရောက်စွာ လျှော့ချပေးနိုင်ကြောင်း သုတေသနပြုချက်များအရ တွေ့ရှိရပါသည်။ ဝါစိုက်ပျိုးသော နိုင်ငံအများစုတွင် သားရဲကောင်များ (predators) ဘေးကင်းစေရန်အတွက် စိုက်ပျိုးရာသီ၏ အစောပိုင်းကာလတွင် အဆိပ်ရှိသော ပိုးသတ်ဆေးများ ပက်ဖျန်းခြင်းကို ကန့်သတ်ထားသည်။

ယနေ့ခေတ်တွင် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် ဝါစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများစွာ ပက်ဖျန်းအသုံးပြုခြင်းထက် ဘေးကင်းလုံခြုံပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော နည်းလမ်းများကို စိတ်ဝင်စားမှု တိုးလာခဲ့သည်။ Bacillus thuringiensis (Bt) ဗက်တီးရီးယားမှ ပိုးသတ်ပရိုတင်းများကို ထုတ်လုပ်သည့် မျိုးဗီဇပြုပြင်ထားသော ဝါမျိုးများကို စိုက်ပျိုးခြင်းသည် အဓိကသီးလုံးဖောက်ပိုးများကျရောက်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီး ပိုးသတ်ဆေးဖျန်းရန် လိုအပ်မှုကို လျှော့ချပေးခဲ့သည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးနေသည့် ဝါမျိုးအများစုမှာ သီးလုံးဖောက်ပိုးဒဏ်ကို ခံနိုင်ရည်ရှိသော်လည်း စုပ်စားပိုးကျရောက်မှုမှာ များပြားလျက်ရှိကြောင်း တွေ့ရှိရသည်။



ဂွမ်းမွေးပါ ဝါမျိုးစေ့။



အက်စစ်ချွတ်၊ ဆေးလူးနယ်ထားသောဝါမျိုးစေ့။

ဝါမျိုးစေ့များပေါ်ရှိ အမွေးနုများကို အက်စစ်ဖြင့်ချွတ်ပြီး ပိုးသတ်ဆေးဖြင့် လူးနယ်စိုက်ပျိုးခြင်းသည် အကျိုးပြုမိတ်ဆွေပိုးများအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေပြီး ပိုးမွှားထိန်းချုပ်ရန် လွယ်ကူသည့်အပြင် စီးပွားရေးအရ တွက်ခြေကိုက်၍ လက်တွေ့ကျသော နည်းလမ်းတစ်ခုဖြစ်သည်။ တောင်သူများအလွယ်တကူ လိုက်ပါဆောင်ရွက်နိုင်ခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနည်းခြင်း၊ မြေကြီးပေါ် သို့မဟုတ် အရွက်ပေါ်ဖျန်းခြင်းထက် သဘာဝပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်နိုင်မှု အနည်းဆုံးဖြစ်ခြင်း စသည့်အားသာချက်များရှိကြောင်း တွေ့ရှိရသည်။ ဝါမျိုးစေ့စီရင်ပုံ စနစ်အဆင့်ဆင့်မှာ–

### ဆောင်ရွက်ပုံအဆင့်ဆင့်

**မျိုးစေ့ပြင်ဆင်ခြင်း။** ဝါဂွမ်းစေ့(အမွေးနုပါသော မျိုးစေ့) တစ်ကီလိုဂရမ်ကို ပလတ်စတစ်ပုံးထဲသို့ ထည့်ပါ။

**အက်စစ်ထည့်ခြင်း။** မျိုးစေ့ တစ်ကီလိုဂရမ်လျှင် ပြင်းအားမြင့် ဆာလဖျူရစ်အက်စစ် (၉၈ ဒသမ ၅ ရာခိုင်နှုန်း) ၁၀၀ မီလီလီတာနှုန်းဖြင့် ထည့်ပါ။

**မွှေနှောက်ခြင်း။** အက်စစ်ထည့်နေစဉ်နှင့် ထည့်ပြီးနောက် မျိုးစေ့များအား အက်စစ်နှင့် တစ်ပြေးညီ ထိတွေ့မှုရှိစေရန်နှင့် ပိုမိုကောင်းမွန်သော အာနိသင်ရရှိစေရန် သစ်သားတုတ် (သို့) သစ်သားယောက်မဖြင့် အဆက်မပြတ်မွှေပေးပါ။ ထန်းလျက်ကို ကျိုသည့်အခါ ညောင်စေးကျလာသကဲ့သို့ စေးကပ်လာသည်အထိ မွှေပေးပါ။

**အရောင်ပြောင်းလဲခြင်း။** ၃ – ၅ မိနစ်ခန့်ကြာပြီးနောက် မျိုးစေ့အားလုံးသည် ကော်ဖီရောင်/ အညိုရောင်သို့ ပြောင်းလဲသွားပါလိမ့်မည်။ (မျိုးစေ့တွင် ပါဝင်သော ဂွမ်းမွေးအထူ/အပါးအပေါ် မူတည်၍ ကြာမြင့်ချိန် ပြောင်းလဲမှုရှိနိုင်ပါသည်။)

**ဆေးကြောခြင်း။** မျိုးစေ့များမှ အက်စစ်ဓာတ်များ လုံးဝပျောက်ကင်းသွားသည်အထိ ရေအေးဖြင့် လေးကြိမ်မှ ငါးကြိမ်ခန့်အထိ ချက်ချင်းဆေးကြောပါ။ ရေမစင်ပါက မျိုးစေ့များ၏ ရှင်သန်နိုင်စွမ်းကို ထိခိုက်စေနိုင်သောကြောင့် သေချာစွာ ဆေးကြောရန် အရေးကြီးပါသည်။

**မျိုးစေ့ရွေးချယ်ခြင်း။** သေချာစွာ ဆေးကြောပြီးသော မျိုးစေ့များကို ရေထဲတွင် (၁:၁၀ အချိုး) စိမ်၍ ရေတွင်ပေါ်နေသော အဖျင်းအမှော်၊ ဒဏ်ရာရမျိုးစေ့၊ ပိုးပေါက်ပါသော မျိုးစေ့များကို ဖယ်ရှားပြီး ရေအောက်နစ်မြုပ်နေသော မျိုးစေ့ကောင်းများကို ရွေးချယ်ပါ။ (၁:၁၀ အချိုးဆိုသည်မှာ မျိုးစေ့ ၁ ဆ (ပမာဏ)အတွက် ရေ ၁၀ ဆ (ပမာဏ) ကို အသုံးပြုရမည်ဟု ဆိုလိုပါသည်။ ဥပမာအားဖြင့် ဝါဂွမ်းစေ့ တစ်ကီလိုဂရမ်ကို စိမ်မည်ဆိုပါက ရေ ၁၀ လီတာဖြစ်သည်။)

**အက်စစ်ဓာတ်လုံးဝဖယ်ရှားခြင်း။** အက်စစ်ဓာတ်ကို လုံးဝဖယ်ရှားရန်အတွက် မျိုးစေ့များကို ၀ ဒသမ ၅ ရာခိုင်နှုန်း ကယ်လ်စီယမ်ကလိုရိုက်ပျော်ရည်(သို့) ထုံးရေထဲတွင် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် စိမ်ထားနိုင်သည်။ ထို့နောက် pH ဓာတ်အား (၆–၇) အထိဖြစ်မဖြစ် တိုင်းတာစစ်ဆေးပါ။

> ❍ **ဝါမျိုးစေ့များပေါ်ရှိ အမွေးနုများကို အက်စစ်ဖြင့်ချွတ်ပြီး ပိုးသတ်ဆေးဖြင့် လူးနယ်စိုက်ပျိုးခြင်းသည် အကျိုးပြုမိတ်ဆွေပိုးများအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်စေပြီး ပိုးမွှားထိန်းချုပ်ရန် လွယ်ကူသည့်အပြင် စီးပွားရေးအရ တွက်ခြေကိုက်၍ လက်တွေ့ကျသော နည်းလမ်းတစ်ခုဖြစ်**
>
> ❍ **စီးပွားရေးအရ တွက်ခြေကိုက်ပြီး ပတ်ဝန်းကျင်အတွက်လည်း ဘေးအန္တရာယ်ကင်းစေသည့် ပြုပြင်စီရင်ထားသော အရည်အသွေးကောင်း မျိုးဝါစေ့များကို သုံးစွဲခြင်းဖြင့် တောင်သူများနှင့် ကဏ္ဍစုံမှလုပ်ငန်းရှင်များ ဝင်ငွေတိုးတက်ရရှိကြသလို နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးရရှိမည်**

**မျိုးစေ့အခြောက်ခံခြင်း။** ရွေးချယ်ထားသော မျိုးစေ့ကောင်းများကို မျိုးစေ့အစိုဓာတ် ၈ ရာခိုင်နှုန်းရသည်အထိ အခြောက်ခံရန် လိုအပ်သည်။ မျိုးစေ့များ စိုစွတ်နေပါက လူးနယ်ဆေး (Imidacloprid) ကောင်းစွာမကပ်နိုင်ဘဲ ထိရောက်မှု လျော့နည်းနိုင်ပါသည်။

**မျိုးစေ့များကို ဆန်ခါချခြင်း။** ကောင်းစွာခြောက်သွေ့ပြီးသော မျိုးစေ့များထဲမှ လုံးပိန်၊ လုံးညှပ်များနှင့် ပိုးပေါက်ပါသော မျိုးစေ့များကို လူနှင့်ဆန်ခါချပြီး လက်နှင့်ကောက်၍ ရွေးဖယ်ထုတ်ကာ သန့်စင်ကောင်းမွန်၊ အရွယ်အစားညီညာသော မျိုးစေ့များကို ရွေးချယ်ထားရမည်။

**Imidacloprid ဖြင့် မျိုးစေ့လူးနယ်ခြင်း။** Imidacloprid (Gaucho 70 ရာခိုင်နှုန်း WS)ကို ထုတ်ကုန်ညွှန်ကြားချက်အတိုင်း ရေနှင့်ရောစပ်၍ ပျော်ရည်ပြင်ဆင်ပါ။ ဝါမျိုးစေ့ တစ်ကီလိုဂရမ်အတွက် Imidacloprid ရှစ်ဂရမ်နှုန်း အသုံးပြုရမည်။ လုံးဝခြောက်သွေ့နေသော delinting ပြုလုပ်ပြီးသားမျိုးစေ့များကို ပြင်ဆင်ထားသော Imidacloprid ပျော်ရည်ဖြင့် တစ်ပြေးညီ လူးနယ်ပေးပါ။ မျိုးစေ့အားလုံး ပိုးသတ်ဆေးနှင့် ကောင်းစွာနှံ့စပ်မိစေရန် လက်အိတ်နှင့် သေချာစွာရောမွှေပေးရပါမည်။

**မျိုးစေ့များအား နောက်ဆုံးအခြောက်ခံခြင်း။** ပိုးသတ်ဆေးလူးနယ်ပြီးနောက် မျိုးစေ့များကို လေဝင်လေထွက်ကောင်းသောနေရာတွင် ထပ်မံအခြောက်ခံပါ။ ပိုးသတ်ဆေးအပေါ်ယံလွှာ ကောင်းစွာခြောက်သွေ့ပြီး မျိုးစေ့များ တစ်ခုနှင့်တစ်ခု မကပ်တော့သည်အထိ စောင့်ဆိုင်းရပါမည်။

ဤအဆင့်များပြီးစီးပါက အက်စစ်ချွတ်၊ ဆေးလူးနယ်ထားသော ဝါမျိုးစေ့များကို စိုက်ပျိုးရန်အတွက် အသုံးပြုနိုင်ပြီဖြစ်ပါသည်။ ဘေးအန္တရာယ်ကာကွယ်ရေးစည်းမျဉ်းများကို လုပ်ငန်းစဉ်တစ်လျှောက်လုံး တင်းကျပ်စွာလိုက်နာရန် အထူးအရေးကြီးပါသည်။ ဝါမျိုးစေ့များကို အက်စစ်ဖြင့် အမွေးချွတ်ခြင်း(delinting) ပြုလုပ်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်ဆိုင်ရာ သတိပြုစရာများမှာ–

- **လက်ဖြင့် မရောစပ်ပါနှင့်။** အက်စစ်နှင့် မျိုးစေ့များကို ရောစပ်ရာတွင် လက်ဖြင့် လုံးဝမထိတွေ့ပါနှင့်။ အက်စစ်ဒဏ်ခံနိုင်သော သစ်သားတုတ် သို့မဟုတ် အခြားသင့်လျော်သော ကိရိယာကိုသာ အသုံးပြုပါ။
- **ပလတ်စတစ်ပုံးသာ အသုံးပြုပါ။** အက်စစ်သည် သတ္တုများနှင့် ဓာတ်ပြုနိုင်သောကြောင့် ပလတ်စတစ်ပုံးကိုသာ အသုံးပြုရပါမည်။
- **ရောစပ်ချိန်ကို ကန့်သတ်ပါ။** မျိုးစေ့များကို အက်စစ်နှင့် ရောမွှေရာတွင် ၃ မိနစ်မှ ၅ မိနစ်ခန့်သာ ရောစပ်ပါ။ အချိန်ကြာမြင့်စွာရောစပ်ပါက အက်စစ်ဓာတ်လွန်ကဲပြီး မျိုးစေ့များကို သေစေနိုင်ပါသည်။
- **သေချာစွာ ဆေးကြောပါ။** အက်စစ်ဓာတ်အကြွင်းအကျန်များ လုံးဝမရှိတော့သည်အထိ ရေအေးဖြင့် သေချာစွာ ဆေးကြောပါ။ ရေမစင်ပါက မျိုးစေ့များ၏ ရှင်သန်နိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။
- **အစိုဓာတ်နည်းအောင် အခြောက်ခံပါ။** မျိုးစေ့များကို ကြာရှည်စွာ သိုလှောင်နိုင်ရန်အတွက် အစိုဓာတ်နည်းသည်အထိ သေချာစွာ အခြောက်ခံပါ။
- **ပျက်စီးနေသော မျိုးစေ့များကို ဖယ်ရှားပါ။** ကွဲအက်နေသော (သို့) မပြည့်ဝသေးသော (သို့) ပိုးပေါက်ပါသောမျိုးစေ့များကို ဖယ်ရှားပါ။ ၎င်းတို့သည် အပင်ပေါက်ရန် ခက်ခဲပြီး ရောဂါပိုးများ ကူးစက်နိုင်ခြေပိုများပါသည်။

**အကျိုးကျေးဇူးများ**

မျိုးစေ့မှတစ်ဆင့် ကူးစက်နိုင်သော ပိုးမွှားရောဂါများကို ဖယ်ရှားနိုင်ခြင်း၊ ဖျက်ပိုးဥများကို ဖယ်ရှားခြင်း မျိုးစေ့အဖုံးပေါ်ရှိ ဖျက်ပိုးဥများကို ဖယ်ရှားပေးခြင်းဖြင့် အပင်ငယ်စဉ်ကာလတွင် ပိုးမွှားကျရောက်မှုကို ကာကွယ်ပေးသည်။ အပင်ပေါက်နှုန်းတိုးတက်စေခြင်း၊ မျိုးစေ့အဖုံး (pericarp)တွင် ပါဝင်သော အပင်ပေါက်ခြင်းကို ဟန့်တားသည့် ဓာတ်ပစ္စည်းများကို ဖယ်ရှားပေးခြင်းဖြင့် မျိုးစေ့များ ပိုမိုမြန်ဆန်ကောင်းမွန်စွာ အပင်ပေါက်စေသည်။

*စာမျက်နှာ ၁၁ သို့*



# ဘားအံမွေးမြူရေးဇုန် မြေဧရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် အကွက်ပေါင်း ၁၀၆ ကွက်ဖော်ဆောင်၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဘားအံ ဩဂုတ် ၁၅

**ဘားအံမွေးမြူရေးဇုန်ကို ၂၀၂ခုနှစ်တွင် စတင်ဖော်ဆောင်၍ ၂၀၂၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး မြေဧရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် အကွက်ပေါင်း ၁၀၆ ကွက်ဖော်ဆောင်၍ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘားအံမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ တောင်သူများနှင့် တွေ့ဆုံရာ ဇုန်ကော်မတီမှ တာဝန်ရှိသူများ၊ မွေးမြူရေး တောင်သူများက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင်ကြုံတွေ့ရသည့် အခြေအနေ၊ လိုအပ်ချက်များနှင့် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ ဆွေးနွေးတင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ဘားအံမွေးမြူရေးဇုန်အတွင်းရှိ တောင်သူ ဒေါ်နန်းဝင်းငွေ၏ အသားတိုးဝက်မွေးမြူရေးခြံ၊ တောင်သူ နန်းဆုသီရိစံနှင့် တောင်သူ ဦးမျိုးသန့်နိုင်တို့၏ ဒေသဆိတ်မွေးမြူရေးခြံ၊ တောင်သူဦးကျော်မြင့်၏ Brahman အသားစားနွားနှင့် Charolais နို့စားနွား မွေးမြူရေးခြံ၊ တောင်သူ စောခင်ကျော်ဦး၏ ဒေသကြက် မွေးမြူရေးခြံတို့ကိုလည်းကောင်း၊ တောင်သူ ဦးသိန်းမြင့်၏ တိရစ္ဆာန်အစာမြက်မျိုးများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ မွေးမြူရေးဇုန်အတွင်းမှထွက်ရှိသည့် တိရစ္ဆာန်အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ သဘာဝမြေဩဇာထုတ်လုပ်သည့် ဩဇာမင်း သဘာဝမြေဩဇာ စက်ရုံကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့အတူ ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာ ကွင်းအမှတ်- ၁၁၆၇ ရှိ တောင်သူ ဦးရွှေမြား၏ မိုးစပါး(RS-CS) မျိုးစေ့ထုတ်စံပြစိုက်ခင်း လေးဧကအတွင်း ဖြုတ်ပိုးကျရောက်မှုအား ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်း၍ VITAGRO 50 CE ရေဖျော်ပိုးသတ်ဆေးကို ဆေးဖျန်းပုံး အသုံးပြု၍ ဆေးဖျန်းနေမှုကို ကြည့်ရှုအားပေးပြီး ဆက်စပ်စိုက်ခင်းများတွင် ပိုးသတ်ဆေးပက်ဖျန်းနိုင်ရန် တောင်သူများအား VITAGRO 50 CE ပိုးသတ်ဆေးဘူးများကို အခမဲ့ပေးအပ်ခဲ့သည်။

အလားတူ ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းတွင် အယ်လ်နီညို (El Nino) ရာသီဥတု ဖြစ်စဉ်ပေါ်ပေါက် သက်ရောက်မှုရှိနိုင်သဖြင့် ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ ကွင်းအမှတ် ၁၁၈၇ ရှိ ရေကျနောက်စိုက် မိုးစပါးဧက ၁၀၀ကျော် စိုက်ပျိုးနိုင်ရန် စုပေါင်းထွန်ယက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများ၏ စက်သုံးဆီနှင့် လိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မိုးကောင်းမြို့နယ် ကျေးရွာအုပ်စု ငါးအုပ်စုမှ ပြည်သူများအား အခမဲ့ကွင်းဆင်းဆေးဝါးကုသပေး

မြစ်ကြီးနား ဩဂုတ် ၁၅

**ကချင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး အထူးကွင်းဆင်းဆေးကုသရေးအဖွဲ့နှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး မိုးကောင်းမြို့နယ် နမ္မနတိုက်နယ်ခွဲ ကျေးရွာအုပ်စု ငါးအုပ်စုမှ ကျေးလက်နေပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။**

အဆိုပါ ပြည်သူများအား အခြေခံပညာ အထက်တန်းကျောင်းခွဲ(နမ္မန)၌ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးမှ သမားတော်၊ အထူးကုများ၊ သူနာပြုဆရာ ဆရာမများပါဝင်သည့် အထူးကွင်းဆင်း ဆေးကုသရေးအဖွဲ့နှင့် ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လုပ်အားပေးအဖွဲ့ဝင်များ၏ အကူအညီဖြင့် ကျောက်ကပ်၊ နှလုံး၊ ဆီးချို၊ သွေးတိုး၊ အရေပြား၊ ကလေး အထူးကု၊ အရိုးအကြော၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့် ခံတွင်း၊ ငှက်ဖျား၊ သားဖွားမီးယပ်၊ မျက်စိရောဂါ အပါအဝင် အထွေထွေရောဂါ စစ်ဆေးကုသပေးနေမှု၊ တိုင်းရင်းဆေးဖြင့် ကုသပေးနေမှုနှင့် ဆေးနှင့်ဆေးဝါးပစ္စည်းများ အခမဲ့ထုတ်ပေးနေမှုတို့ကို ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ သွားရောက်စဉ် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ကျေးရွာအုပ်စုများရှိ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ဆရာမတို့ထံ ပန်းခြင်းလက်ဆောင်များ၊ ကျေးရွာအတွင်း ရောက်ရှိနေထိုင်လျက်ရှိသော ယာယီတိမ်းရှောင် အိမ်ထောင်စု ၄၁ စုတို့အတွက် ဆန် ၂၄ ပြည်ပါ ဆန်အိတ်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး၊ မိုးကောင်းမြို့နယ်ပြည်သူ့ဆေးရုံ၊ ပင်းဘောတိုက်နယ်ဆေးရုံ၊ နမ္မနကျေးလက်ဆေးပေးခန်းတို့မှ ကျန်းမာရေးဝန်ထမ်းများနှင့် ကချင်ပြည်နယ် အခမဲ့ ဆေးဝါးကုသရေးဖောင်ဒေးရှင်းအတွက် ချီးမြှင့်ငွေများ၊ နမ္မနကျောင်းအုပ်နှင့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေများ၊ နမ္မနကျေးရွာနှင့် တောင်နီကျေးရွာတို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသူများအတွက် ဝတ်စုံများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ထို့ပြင် ကျေးရွာ၏ အထက(ခွဲ) ကျောင်းကို အထက အဖြစ် ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရေး တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ထုံးလုပ်နည်းနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **ပြည်နယ်(ပြန်/ဆက်)**



# မြို့သစ်မြို့နယ်၌ ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေး ပညာပေးဟောပြော



မြို့သစ် ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လူထုအသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့သစ်မြို့နယ် လှေဝန်းကျေးရွာ ငွေလဝန်းကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်း၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်အသုံးပြုရန် လူထုအသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် ဟောပြောပွဲသို့ တက်ရောက်လာသည့် အိမ်ထောင်စုဝင် ၁၁၇ ဦးအတွက် စွမ်းအားမြှင့်အဝေမ်းမီးဖို ၁၁၇လုံးကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံသာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

*စာမျက်နှာ ၁၀ မှ*

မျိုးစေ့အပင်ပေါက်စွမ်းအား တိုးမြှင့်ခြင်း မျိုးစေ့များ၏ အပင်ပေါက်စွမ်းအားနှင့် ရှင်သန်နိုင်စွမ်းကို တိုးတက်စေပြီး ကျန်းမာသန်စွမ်းသော ပျိုးပင်များ ဖြစ်ပေါ်လာစေသည်။ မျိုးစေ့နှုန်းထားလျှော့ချနိုင်ခြင်း၊ မျိုးစေ့ကောင်းများကိုသာ ရွေးချယ်အသုံးပြုခြင်းနှင့် အပင်ပေါက်နှုန်း ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရာတွင် လိုအပ်သော မျိုးစေ့ပမာဏကို လျှော့ချနိုင်သည်။ မျိုးစေ့စီးဆင်းမှုကောင်းမွန်ပြီး စက်ဖြင့်စိုက်ပျိုးနိုင်ခြင်း အရွယ်အစားညီညာပြီး အမွေးနုများ မရှိတော့သည့်အတွက် မျိုးစေ့များ၏ စီးဆင်းမှုကောင်းမွန်ပြီး ဝါစိုက်စက်ဖြင့် အလွယ်တကူ စိုက်ပျိုးနိုင်သည့်အတွက် အချိန်ကုန်၊ လူသက်သာစေပါသည်။ သိုလှောင်မှုသက်တမ်း ပိုမိုကြာရှည်ခြင်း၊ အစိုဓာတ်နည်းအောင် အခြောက်ခံခြင်းနှင့် ရောဂါပိုးမွှားများ ကင်းစင်ခြင်းတို့ကြောင့် မျိုးစေ့များကို ပိုမိုကြာရှည်စွာ သိုလှောင်ထားနိုင်ပါသည်။

**လက်တွေ့အသုံးချသုတေသန**

အက်စစ်ချွတ်ဆေးလူးနယ်ခြင်းဖြင့် ငွေချည်-၆ နှင့် ရွှေတောင်- ၈ ဝါမျိုးများတွင် ဖြုတ်စိမ်းပိုးကျရောက်မှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာသိရှိနိုင်ရန် ပြုမူချက် ၆ ခုဖြစ်သည့် ဗလာကွက်၊ အက်စစ်မချွတ်+ တမာဆီ၊ အက်စစ်မချွတ်+ ကာဘိုဖျူရမ် 5G ၊ အက်စစ်မချွတ်+ Imidacloprid (Gaucho 70 ရာခိုင်နှုန်းWS)၊ အက်စစ်ချွတ်+ ကာဘိုဖျူရမ်၊ အက်စစ်ချွတ်+ Imidacloprid (Gaucho 70 ရာခိုင်နှုန်း WS) တို့ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မိုးကြို/မိုးနှောင်း နှစ်ရာသီတွင် ကိုယ်တိုင်လေ့လာစမ်းသပ်ခဲ့ပါသည်။

စမ်းသပ်တွေ့ရှိချက်များအရ ရာသီတစ်လျှောက်တစ်ပင်ပျမ်းမျှ ဖျက်ပိုးအရေအတွက်သည် အက်စစ်ချွတ်+ Imidacloprid (Gaucho 70 ရာခိုင်နှုန်း WS) အကွက်တွင် အနည်းဆုံးဖြစ်ပြီး အပင်ပေါက်ရာခိုင်နှုန်း၊ ပျိုးပင်အရှည်၊ မျိုးစေ့သန်စွမ်းမှု၊ ဝါထွက်နှုန်းစသည့် အချက်များအပေါ်တွင် ဝါမျိုး နှစ်မျိုးလုံးပေါ်၌ ကောင်းစွာ အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရသည်။

ဤသို့ မျိုးစေ့ပြုပြင်စီရင်မှုသည် ပိုးသတ်ဆေးစတင်ဖျန်းရမည့်အချိန်ကို နောက်ဆုတ်စေရုံသာမက ဆေးဖျန်းသည့် အကြိမ်ရေကိုပါ လျှော့ချနိုင်ကြောင်း တွေ့ရသည်။ ကုန်ကျစရိတ်သက်သာခြင်း၊ တစ်ဧကဝါအထွက်နှုန်းတိုးတက်ခြင်း၊ အမြတ်အစွန်းတိုးလာခြင်းအပြင် ပတ်ဝန်းကျင်ဘေးကင်းရေးအတွက်ပါ အထောက်အကူပြုပေးနိုင်သည့် ပိုးမွှားကာကွယ်ရေးနည်းလမ်းတစ်ခုဆိုလျှင် မှားမည်မထင်ပါ။

စီးပွားရေးအရ တွက်ခြေကိုက်ပြီး ပတ်ဝန်းကျင်အတွက်လည်း ဘေးအန္တရာယ်ကင်းစေသည့် ပြုပြင်စီရင်ထားသော အရည်အသွေးကောင်း မျိုးဝါစေ့များကို သုံးစွဲခြင်းဖြင့် တောင်သူများနှင့် ကဏ္ဍာစုံမှလုပ်ငန်းရှင်များ ဝင်ငွေတိုးတက်ရရှိကြသလို နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးရရှိမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်း ပြည်သူများ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း သင်တန်းများတက်ရောက်ပြီး တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၄/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဩဂုတ် ၁၂ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်သည်။



ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းကို ဆောင်ရွက်ကြသည်။

တာဝန်ကျေပွန်စွာထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်ကြပြီး ၎င်းတို့စစ်မှုထမ်းဆောင်စဉ် ကာလတစ်လျှောက် ရသင့်ရထိုက်သည့်အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့မဟုတ်) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှု ကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် ဩဂုတ် ၁၅**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ(စည်ပင်ကြီး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်း၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း) ပြင်ပကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ရေဆင်းကုန်းရွာနေ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ ဒေါ်ချို(ခ)ဒေါ်ခင်မာချိုက တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်လိုပါက လစာကောင်းကြောင်း၊ လုပ်ကိုင်လိုပါက ဆက်သွယ်ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး မူဆယ်မြို့ရှိ မရှမ်းမ ထံပို့ဆောင်၍ ထိုမှတစ်ဆင့် ချင်းရွှေဟော်မြို့နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသို့ပို့ဆောင်ကာ တရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်ရန် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့် တောင်ငူမြို့နယ်၊ အမှတ်(၃) နယ်မြေရဲစခန်း (ပ) ၂၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ရာ ဩဂုတ် ၁၃ ရက်တွင် တောင်ငူခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်ချို(ခ) ဒေါ်ခင်မာချို ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

* ကျောဖုံးမှ

သည် ရှေ့တန်းတိုက်စစ်အပြင် ကွင်းလယ်တိုက်စစ်နှင့် တောင်ပံနေရာများတွင်ပါ ကျွမ်းကျင်စွာ ကစားနိုင်သူဖြစ်ပြီး ဘယ် / ညာ နှစ်ဖက်စလုံး အသုံးပြုနိုင်ခြင်းက ၎င်း၏ အဓိက အားသာချက်ဖြစ်သည်။

၎င်း၏ ကစားသမားဘဝကို ဘရာဇီးလ်၌ စတင်ခဲ့ပြီး El Salvador ၊ Vietnam တို့မှတစ်ဆင့် အာရှဘောလုံးလောကသို့ ရောက်ရှိလာခဲ့ကာ Thailand နှင့် United Arab Emirates ကလပ်အသင်းများတွင် ကစားခဲ့သည်။ အထူးသဖြင့် Thailand တွင် Ranong United၊ Khon Kaen FC ၊ Uthai Thani FC နှင့် Sisaket United စသည့်အသင်းများ၌ ပါဝင်ကစားခဲ့ဖူးသဖြင့် အတွေ့အကြုံရင့်ကျက်သူတစ်ဦးလည်း ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသို့ ရောက်ရှိမှုနှင့် ပတ်သက်၍ ကားလို့စ်ဒါမီယန်က ရှမ်းယူနိုက်တက်မိသားစု၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည့်အတွက် ဝမ်းမြောက်မိပြီး ရာသီသစ်တွင် အသင်းအတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နေမျိုး၊ ဓာတ်ပုံ-SUFC**

■ ကျောဖုံးမှ

ချုပ်ဆိုခဲ့သည်။ ၎င်းသည် ပြီးခဲ့သည့် ကမ္ဘာ့ဖလား ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် နာမည်ကြီး အာဂျင်တီးနားအသင်းဘက်သို့ အချိန်ပိုပွဲကစားချိန်အတွင်း အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သူ ဖြစ်သည်။ ယင်းသွင်းဂိုးကြောင့် စပိန်အသင်းသည် ကမ္ဘာ့ဖလားကို အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၄၉ ပွဲပါဝင်ကစားခဲ့ပြီး သွင်းဂိုး ၂၁ ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်ထားသည်။ ထို့အပြင် ဘာစီလိုနာအသင်းကို လာလီဂါအမှတ်ပေးဖလား ဆွတ်ခူးရရှိအောင် ကူညီပေးထားနိုင်သည်။ တောရက်စ်သည် စပိန်အသင်းအတွက် ပွဲပေါင်း ၆၅ ပွဲတွင် ၂၅ ဂိုးအထိ သွင်းယူပေးထားသူ ဖြစ်သည်။

**အောင်ဇော်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့ပြီး အပြစ်ပေးအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပါကစ္စတန်နိုင်ငံသား လေးဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး၊ ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်းပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။



အဆိုပါဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၁ ဦးအား ပြည်ဝင်ခွင့်ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တရားစွဲဆိုအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးသည်။

ပြိုင်ပွဲ စတင်တာလွှတ်ပေးသည်နှင့် ပြိုင်ပွဲဝင်များသည် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) မှ အမျိုးသားကန်တော်ကြီး ဥယျာဉ်(ပြင်ဦးလွင်) အထိ ၄၃ မိုင် ခရီးကို သတ်မှတ်လမ်းကြောင်းများအတိုင်း စီးနင်းယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို စက်ဘီးစီးအားကစားလှုပ်ရှားမှု ပိုမိုမြှင့်တင်ပေးနိုင်ရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် ထူးချွန်သောစက်ဘီးစီးအားကစားသမားများ ပိုမိုပေါ်ထွက်လာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုနိုင်ရန်၊ ဥယျာဉ်နှစ်ခု၏ သဘာဝဝန်းကျင်နှင့် ရာသီဥတုအခြေအနေအလိုက် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် ပိုမိုသိရှိစိတ်ဝင်စားလာစေရန်၊ ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ **သတင်းစဉ်**

---

❑ *ကျောဖုံးမှ*

ပထမပိုင်းပွဲချိန် ၃၂ မိနစ်တွင် ဟံသာဝတီအသင်းရရှိခဲ့သည့် ပယ်နယ်တီကို အောင်ဇော်ဦးက အမှားအယွင်းမရှိ ကန်သွင်းကာ ဦးဆောင်ဂိုး စတင်ရယူခဲ့သည်။ နာကျင်အချိန်ပို ၄၅+၂ မိနစ်တွင် သူရညီညီက ဟံသာဝတီအသင်းအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ သို့သော် မိနစ်ပိုင်းအကြာ ၄၅+၃ မိနစ်တွင် စစ်ကိုင်းအသင်းမှ ပိုင်သက်ဦးက ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးတစ်ဂိုး ပြန်လည်ရယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် ဟံသာဝတီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ပွဲကို ဆက်လက်ထိန်းချုပ်ထားနိုင်ခဲ့ပြီး သူရညီညီက ပွဲချိန် ၆၄ မိနစ် (ပယ်နယ်တီ)နှင့် မိနစ် ၇၀ တို့တွင် ဂိုးများ ထပ်မံသွင်းယူကာ ၎င်းအတွက် ဟက်ထရစ်ဂိုးအဖြစ် ရယူနိုင်ခဲ့သည်။ ပွဲချိန် ၇၈ မိနစ်တွင် စစ်ကိုင်းအသင်းမှ ဒေးဂျာက ဒုတိယချေပဂိုး သွင်းယူနိုင်ခဲ့သော်လည်း မိနစ် ၈၀ တွင် ဟံသာဝတီအသင်းမှအောင်ဇော်ဦးက အနိုင်ဂိုး ထပ်မံသွင်းယူခဲ့သည့်အတွက် ပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ငါးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟံသာဝတီအသင်းမှ ခြေစွမ်းပြကစားကာ သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ကျောနံပါတ် (၁၀) အသင်းခေါင်းဆောင် အောင်ဇော်ဦးက AYA Pay Man of the Match ဆုကို ရရှိခဲ့သည်။

ထို့ပြင် သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒဂုံစတားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၉၀+၁ မိနစ်၌ သျှားကိုကိုက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ် (၁၃) ၏ လက်ကျန်ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MNL**

---

* *ကျောဖုံးမှ*

ခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့်ပတ်ဝန်းကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟသ်ာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက်လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ သိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာနှစ်ရွာ စုစုပေါင်းမြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၂၀၁ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဝေနပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝေနပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလိုလူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို (ဂ အဆင့်) ပြိုင်ပွဲ၊ အမျိုးသား ၆၇ ကီလို(ဂ အဆင့်)ပြိုင်ပွဲ၊ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၆၀ ကီလိုလူသစ်တန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ရာဇာထွန်း(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ လှိုင်မျိုးထွန်း(အပြာ) တို့ ယှဉ်ပြိုင်ရာ လှိုင်မျိုးထွန်း(အပြာ)က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝေါယောဇက် (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ လွင်ထူးစံ (အပြာ)တို့ ယှဉ်ပြိုင်ရာ လွင်ထူးစံ (အပြာ) က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ခန့်ဇင်ကျော် (အနီ) နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ သန်းလင်းအောင်(အပြာ)တို့ ယှဉ်ပြိုင်ရာ သန်းလင်းအောင်(အပြာ)က လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ သူထူးအောင်(အနီ) နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ သန်းဇော်ဦး (အပြာ)တို့ ယှဉ်ပြိုင်ရာ သန်းဇော်ဦး (အပြာ)က လည်းကောင်း၊ အမျိုးသား ၆၃ ဒသမ ၅ ကီလို လူသစ်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ကောင်းခန့်ဇော်(အနီ)နှင့် ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုး(အပြာ)တို့ ယှဉ်ပြိုင်ရာ ကောင်းခန့်ဇော် (အနီ)က လည်းကောင်း၊ ကယားပြည်နယ်အသင်းမှ ဘတ်နက်ဒက်ဂျန်း(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မင်းခန့်ဇော် (အပြာ)တို့ ယှဉ်ပြိုင်ရာ မင်းခန့်ဇော် (အပြာ)က လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ မင်းခန့်သူ (အနီ)နှင့် မွန်ပြည်နယ်အသင်းမှ စရဲမြင့်အေး(အပြာ)တို့ ယှဉ်ပြိုင်ရာ စရဲမြင့်အေး(အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ အောင်အောင်ဟိန်း (အနီ) နှင့် ပဲခူးတိုင်းဒေသကြီးအသင်းမှ လွင်ကိုကိုထက်(အပြာ)တို့ ယှဉ်ပြိုင်ရာ လွင်ကိုကိုထက် (အပြာ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထို့ပြင် အမျိုးသား ၅၄ ကီလို (ဂ အဆင့်) ပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ဟာခေါင (အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ကျော်ကျော် (အပြာ) တို့ ယှဉ်ပြိုင်ရာ အောင်ကျော်ကျော် (အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ ပြည့်ညီညီအောင်(အနီ) နှင့် မွန်ပြည်နယ်အသင်းမှ စောပြည့်စုံဖြိုး(အပြာ) တို့ယှဉ်ပြိုင်ရာ စောပြည့်စုံဖြိုး (အပြာ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းမှ အံ့ထူးခန့်(အနီ)နှင့် ရှမ်းပြည်နယ်အသင်းမှ မင်းသူရိန် (အပြာ)တို့ ယှဉ်ပြိုင်ရာ အံ့ထူးခန့် (အနီ) က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောပစော်ဖော(အနီ) နှင့် ကယားပြည်နယ်အသင်းမှ ထွန်းထွန်းနိုင်(အပြာ)တို့ ယှဉ်ပြိုင်ရာ စောပစော်ဖော(အနီ)က လည်းကောင်း၊ အမျိုးသား ၆၇ ကီလို (ဂ အဆင့်) တွင် မွန်ပြည်နယ်အသင်းမှ အောင်ကျော်မျိုး(အနီ) နှင့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နန္ဒ (အပြာ)တို့ယှဉ်ပြိုင်ရာ နန္ဒ (အပြာ)က လည်းကောင်း၊ ကချင်ပြည်နယ်အသင်းမှ လမိုင်ဗျင်းအောင်(အနီ)နှင့်စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထက်(အပြာ) တို့ယှဉ်ပြိုင်ရာ ဟိန်းထက်(အပြာ) က လည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်သန်းဇော်မြင့် (အနီ)နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အောင်ဟိန်းစွမ်း(အပြာ) တို့ ယှဉ်ပြိုင်ရာ အောင်သန်းဇော်မြင့်(အနီ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ၅၄ ကီလိုပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ နန်းနွဲ့နွဲ့နှောင်(အနီ)နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သဉ္ဇာမင်း(အပြာ) တို့ ယှဉ်ပြိုင်ရာ နန်းနွဲ့နွဲ့နှောင်(အနီ)က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်ထက်ဝေ(အနီ) နှင့် ကယားပြည်နယ်အသင်းမှ ကော်ရက်တီ(အပြာ)တို့ ယှဉ်ပြိုင်ရာ ကော်ရက်တီ(အပြာ)က လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၁၆ ရက် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် အမျိုးသား ၅၁ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို လူသစ်တန်းပြိုင်ပွဲ၊ အမျိုးသား ၅၇ ကီလို (ဂ အဆင့်) ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## တစ်နိုင်ငံလုံးအနှံ့ AI ကျွမ်းကျင်မှုသင်တန်းအစီအစဉ် ပြုလုပ်သွားမည်ဟု အိန္ဒိယဝန်ကြီးချုပ် ကြေညာ

**နယူးဒေလီ ဩဂုတ် ၁၅**

တစ်နိုင်ငံလုံးအနှံ့ AI ကျွမ်းကျင်မှုသင်တန်းအစီအစဉ်အပါအဝင် အခြားအစီအစဉ်များစွာကို ဩဂုတ် ၁၅ ရက်တွင် ကျင်းပသည့် အိန္ဒိယနိုင်ငံ၏ အကြိမ်(၇၈)မြောက် လွတ်လပ်ရေးနေ့အခမ်းအနား၌ ဝန်ကြီးချုပ်နာရန် ဒရာမိုဒီက ကြေညာခဲ့သည်။ AI ကျွမ်းကျင်မှု သင်တန်းအစီအစဉ်သည်



နိုင်ငံတစ်ဝန်းရှိ လူငယ် ၁၀ သန်းကို အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်က ပြောသည်။

AI အကျိုးသက်ရောက်မှုများ ထိပ်သီးအစည်းအဝေးကို မကြာသေးမီက ကျင်းပခဲ့သည်။ AI ၏ ကျယ်ပြန့်မှုသည် လျင်မြန်စွာ နေရာယူလာပြီး လာမည့်တစ်နှစ်အတွင်း လူငယ် ၁၀ သန်းခန့်ကို AI ကျွမ်းကျင်မှုများ လေ့ကျင့်ပေးသွားမည်ဟု ဝန်ကြီးချုပ်က ပြောသည်။ ယင်းသို့ ပြုလုပ်ခြင်းအားဖြင့် နိုင်ငံ၏ လူငယ်များ AI ခေတ်တွင် ကမ္ဘာ့အဆင့် ဦးဆောင်နိုင်စွမ်းရှိလာစေမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

နောက်ထပ်အစီအစဉ်များတွင် ယှဉ်ပြိုင်ဖြေဆိုရသည့် စာမေးပွဲများအတွက် အခမဲ့အွန်လိုင်းသင်တန်းများ စီစဉ်ပေးခြင်း၊ ကလေးများအကြား အားကစားထူးချွန်သူများ ရှာဖွေဖော်ထုတ်ခြင်း၊ ဆီမီးကွန်ဒတ်တာ ထုတ်လုပ်မှု တိုးချဲ့ခြင်းနှင့် နျူကလီးယား စွမ်းအင်ထုတ်လုပ်မှုအတွက် ရည်မှန်းချက်အသစ်များချမှတ်ခြင်းတို့လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုက ပျမ်းမျှသက်တမ်း တိုတောင်းနိုင်ကြောင်း သုတေသနပြု ဖော်ထုတ်

**ဆစ်ဒနီ ဩဂုတ် ၁၅**

စိတ်ကစဉ့်ကလျားရောဂါနှင့် စိတ်အတက်အကျ မတည်ငြိမ်သောရောဂါကဲ့သို့ ပြင်းထန်သည့် စိတ်ရောဂါခံစားရသူများသည် ပုံမှန်လူများနှင့် နှိုင်းယှဉ်လျှင် နှစ် ၂၀ အထိ သက်တမ်းပို၍တိုစေနိုင်ကြောင်း ဩစတြေးလျဦးဆောင်သည့် သုတေသနပြုမှုတစ်ခုက ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံရှိ ကွင်းစလန်းတက္ကသိုလ် (UQ) မှ သုတေသီများက ဦးဆောင်ပြုလုပ်ခဲ့သော အဆိုပါလေ့လာမှုသည် ကွင်းစလန်းပြည်နယ်ရှိ ၂၄ နှစ်ကြာ လူနာ ၁၈၀၀၀၀ ၏ ဆေးရုံအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာထားခြင်းဖြစ်သည်။

ပြင်းထန်သည့် စိတ်ကျန်းမာရေးရောဂါ ခံစားနေရသူများသည် ပြင်းထန်သည့် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ရောဂါများကို အခြားသူများထက် အချိန်ပိုစောကာဖြစ်ပွားလာခြင်းကို တွေ့ရှိခဲ့သည်ဟု ဩဂုတ် ၁၄ ရက်ထုတ် ကြေညာချက်တွင် ဖော်ပြထားသည်။

ပြင်းထန်သည့် စိတ်ရောဂါသည် လူငယ်များ၏ ကိုယ်ခန္ဓာပိုင်းဆိုင်ရာကျန်းမာရေးကို အကြီးမားဆုံး ထိခိုက်စေသည်ဟု လေ့လာတွေ့ရှိထားသည်။ အထူးသဖြင့် အသက် ၂၀ အောက် အမျိုးသမီးများတွင် ကိုယ်ခန္ဓာကျန်းမာရေးအခြေအနေပိုမိုဆိုးရွားမှုကို အချိုးအစားမမျှတစွာ ခံစားခဲ့ရကြောင်း တွေ့ရှိခဲ့သည်။

ဆင်ဟွာ

## အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်နှင့် နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုများကြောင့် သေဆုံးသူ ၄၇ ဦး ရှိလာ

**ဂျကာတာ ဩဂုတ် ၁၅**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ဖလောရက်စ်ကျွန်းကမ်းလွန်တွင် ဩဂုတ် ၁၅ ရက် နံနက်အစောပိုင်းက အင်အားပြင်းထန်သော ငလျင်နှင့် နောက်ဆက်တွဲ လှုပ်ခတ်သောငလျင်ငယ်များကြောင့် သေဆုံးသူ ၄၇ ဦးအထိ မြင့်တက်လာကြောင်း အမျိုးသားဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ (BNPB) က ပြောသည်။




အဆိုပါ အေဂျင်စီနောက်ဆုံးထုတ်ပြန်ချက်တွင် နေအိမ်ပေါင်း ၃၄၆ လုံးထက်မနည်း ပျက်စီးဆုံးရှုံးမှုဖြစ်ပွားကြောင်း ဖော်ပြထားသည်။ ထို့အပြင် ငလျင်လှုပ်ခတ်မှုကြောင့် ပညာရေးအဆောက်အအုံ ၈၇ ခု၊ ကျန်းမာရေးအဆောက်အအုံ ၁၈ ခု၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံ ငါးခု၊ အစိုးရရုံး ခြောက်ခုအပါအဝင် အများပြည်သူဆိုင်ရာ အဆောက်အအုံအများအပြားထိခိုက်ပျက်စီးမှု ဖြစ်ပွားကြောင်း ဖော်ပြထားသည်။

ငလျင်ဗဟိုချက်ကို အနက် ၁၀ ကီလိုမီတာရှိမည်ဟု ခန့်မှန်းထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။ ဖလောရက်စ်ကျွန်းအလယ်ပိုင်း ကမ်းလွန်ရေပြင်တွင် အမြင့် တစ်မီတာနီးပါးရှိ ဆူနာမီလှိုင်းနှင့် ဆူလာဝေစီကျွန်းတောင်ဘက်ပိုင်းတွင် အမြင့် ၅၄ စင်တီမီတာရှိ ဆူနာမီလှိုင်းများကို တွေ့ရှိခဲ့ကြောင်း ဒေသတွင်း မိုးလေဝသအာဏာပိုင်များက ထုတ်ပြန်ကြေညာထားသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

## ကိုလံဘီယာ၌ ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် ခြောက်ဦး သေဆုံး

**ဘိုကိုတာ ဩဂုတ် ၁၅**

ကိုလံဘီယာနိုင်ငံအလယ်ပိုင်း ကူကူနူဘာမြို့ရှိကျောက်မီးသွေးသတ္တုတွင်း၌ ပေါက်ကွဲမှုတစ်ခုကြောင့် သတ္တုတွင်းလုပ်သား ခြောက်ဦးသေဆုံးခဲ့သည်ဟု အုပ်ချုပ်ရေးမှူး ဂျော်ဂျီ အမ်မလီယိုရေးက ဩဂုတ် ၁၄ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါသတ္တုတွင်းသည် တရားဝင်သတ်မှတ်ထားသည့် အထူးသီးသန့်နယ်မြေ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မကြာသေးမီက အမျိုးသားသတ္တုတွင်း အေဂျင်စီက စစ်ဆေးမှုပြုလုပ်ပြီးသောနေရာတစ်ခုဖြစ်သည်ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

ထိုသို့စစ်ဆေးစဉ် လုံခြုံရေးဆိုင်ရာ ပြဿနာများရှိနေသည့်အတွက် ပြုပြင်မှုများလိုအပ်ကြောင်းနှင့် ပြုပြင်မှုများ လုပ်ဆောင်နေစဉ်အတွင်း သတ္တုတူးဖော်မှုလုပ်ငန်းများကို ယာယီဆိုင်းငံ့ထားရန် ညွှန်ကြားထားခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ ယာယီဆိုင်းငံ့ထားစဉ် သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရသည့်အကြောင်းရင်းကို အေဂျင်စီက စစ်ဆေးသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆင်ဟွာ

## အင်ချွန်းလေဆိပ် ကမ္ဘာပေါ်တွင် နိုင်ငံတကာခရီးသည် အများဆုံးအသုံးပြုသည့် လေဆိပ်ဖြစ်လာ

**ဆိုးလ် ဩဂုတ် ၁၅**

ဆိုးလ်မြို့တော်သို့အဓိကဝင်ပေါက်ဖြစ်သော တောင်ကိုရီးယားနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာပေါ်တွင် နိုင်ငံတကာခရီးသည် အများဆုံးအသုံးပြုသည့် လေဆိပ်ဖြစ်လာကြောင်း လေဆိပ်အော်ပရေတာက ပြောသည်။

၂၀၀၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော အင်ချွန်းလေဆိပ်သည် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအကြား နိုင်ငံတကာခရီးသည်




စုစုပေါင်း ၃၈ ဒသမ ၃၉ သန်းကို ဝန်ဆောင်မှုပေးခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် ၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ယင်းပမာဏသည် လန်ဒန်၏ ဟီးသရိုးလေဆိပ်နှင့် စင်ကာပူ၏ ချန်ဂီလေဆိပ်တို့ကို ကျော်ဖြတ်ကာ ပထမဆုံးအကြိမ် အမြင့်ဆုံးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဥရောပသို့သွားသည့် ခရီးသွားအများစုသည် ဒူဘိုင်းနှင့် အခြားအရှေ့အလယ်ပိုင်း ဒေသများရှိ လေဆိပ်များကို အသုံးပြုမည့်အစား အင်ချွန်းလေဆိပ်ကို ပြောင်းလဲအသုံးပြုလာကြခြင်းက အရေအတွက် မြင့်တက်လာခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်နိုင်သည်ဟုလေဆိပ်အော်ပရေတာက ယူဆထားသည်။

အင်န်အိတ်ချ်ကေ

## ဆော်ဒီက ယီမင်မြောက်ပိုင်းနယ်စပ်တစ်လျှောက် အမြောက်များဖြင့် ပစ်ခတ်ဟု ဟူသီထုတ်ပြန်

**ဆာနား ဩဂုတ် ၁၅**

နှစ်ဖက်အကြား တင်းမာမှုများမြင့်တက်နေချိန် ယီမင်မြောက်ပိုင်းနယ်စပ်တစ်လျှောက် ဆာဒါပြည်နယ်အတွင်း ဒေသများအပေါ် ဆော်ဒီတပ်ဖွဲ့များက အမြောက်နှင့် ဒုံးကျည်များဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီအုပ်စုက ဩဂုတ် ၁၅ ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနှင့် နယ်နိမိတ်ချင်းထိစပ်နေသော ဟူသီခြေကုပ်ယူထားသည့် နေရာတစ်ခုဖြစ်သည့် ဆာဒါပြည်နယ်မြောက်ပိုင်းအတွင်း အယ်ဒါဟာခရိုင်ကို ပစ်မှတ်ထား၍ ဆော်ဒီတပ်ဖွဲ့များက အမြောက်ဖြင့် ပစ်ခတ်ခဲ့သည်ဟု အဆိုပါအုပ်စုနှင့် ဆက်နွယ်နေသည့် Al-Masirah တီဗွီက ထုတ်လွှင့်ခဲ့သည်။

အဆိုပါပစ်ခတ်မှုနှင့်ပတ်သက်၍ ထိခိုက်သေဆုံးမှုများကို ချက်ချင်းထုတ်ပြန်ထားခြင်း မရှိသေးသကဲ့သို့ ဆော်ဒီအာဏာပိုင်များကလည်း မည်သည့်မှတ်ချက်မှ မပေးသေးကြောင်း သိရသည်။

ဟူသီထိန်းချုပ်ထားသည့်ဒေသများကို ဆော်ဒီက ပိတ်ဆို့ထားသည်ဟူသည့် စွပ်စွဲချက်ကို ကိုးကား၍ ဆော်ဒီရေယာဉ်များ၏ ရေကြောင်းသွားလာမှုကို တားမြစ်သည်ဟု ဟူသီက ကြေညာသည့် ဇူလိုင် ၂၀ ရက်မှစကာ တင်းမာမှုများ သိသိသာသာ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ထောက်ပံ့မှုများ လျှော့ချခြင်းကြောင့် တောင်ဆူဒန်ဒုက္ခသည် ၆၅၀၀၀၀ ကျော် ပြင်းထန်သည့် ဆာလောင်မှုနှင့် ကြုံတွေ့နေ

**ဂျူဘာ ဩဂုတ် ၁၅**

တောင်ဆူဒန်နိုင်ငံအတွင်း ဒုက္ခသည်နှင့် ခိုလှုံခွင့်တောင်းခံသူ ၆၅၀၀၀၀ ကျော်မှာ ရန်ပုံငွေလိုအပ်မှုအကျပ်အတည်းများကြောင့် စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ အကူအညီများ ပြတ်တောက်မှုနှင့် ကြုံတွေ့လျက်ရှိကြောင်း ကုလသမဂ္ဂအေဂျင်စီများက ဩဂုတ် ၁၄ ရက်တွင် သတိပေးထားသည်။

လောလောဆယ် ရန်ပုံငွေမရရှိပါက စက်တင်ဘာလအထိ ဒုက္ခသည် ၂၄၀၀၀၀ ကိုသာ ကျွေးမွေးရန် လုံလောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့က ပြောကြားသည်။

ဆင်ဟွာ

## ဟော်မုဇ်ရေလက်ကြားတွင် ယူအေအီးပိုင် ရေနံတင်သင်္ဘော တိုက်ခိုက်ခံရ

**အဘူဒါဘီ ဩဂုတ် ၁၅**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) ၏ အဘူဒါဘီ အမျိုးသားရေနံကုမ္ပဏီ (ADNOC) ပိုင်ဆိုင်သည့် ရေနံတင်သင်္ဘော တစ်စင်းသည် ဩဂုတ် ၁၄ ရက် ညနေပိုင်းက ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခုတ်မောင်းနေစဉ် တိုက်ခိုက်ခံခဲ့ရကြောင်း အဆိုပါကုမ္ပဏီက ဩဂုတ် ၁၅ ရက်တွင် ပြောသည်။

ယင်းဖြစ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း တရားဝင် WAM သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ယူအေအီးနိုင်ငံခြားရေး ဝန်ကြီးဌာနက ၎င်းတို့၏ သင်္ဘောအား ရန်လို တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ပြစ်တင်ရှုတ်ချထားသည်။

နိုင်ငံပိုင် ADNOC ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သည့် ကုမ္ပဏီကြီးများအနက် တစ်ခုဖြစ်ပြီး ယူအေအီးစီးပွားရေး၏ အဓိကမောင်းနှင်အားလည်း ဖြစ်သည်။

ဆင်ဟွာ

## စဉ့်ကိုင်မြို့နယ်၌ စနစ်ဟောင်းဖြင့် လျှောက်ထားသည့် လျှပ်စစ်မီတာများ တပ်ဆင်ပေး

**စဉ့်ကိုင် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်လျှပ်စစ်မန်နေဂျာရုံးမှ ယခင်စနစ်ဟောင်းဖြင့် လျှောက်ထားကာ သတ်မှတ်ကြေးပေးသွင်းပြီးသော မိဘပြည်သူများအား ဌာန၏သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အိမ်သုံးမီတာများကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင် ဒုတိယလျှပ်စစ်မန်နေဂျာ ဦးတိုးတိုးအောင်၊ ပလိပ်လျှပ်စစ်မန်နေဂျာ ဦးဖွဲ့ညီညီဝင်းနှင့် ဝန်ထမ်းများက ပလိပ်ကျေးရွာအုပ်စု၊ ခံလူးကျေးရွာအုပ်စု၊ ဆီဆုံကျေးရွာအုပ်စု၊ တဘက်ဆွဲကျေးရွာအုပ်စုတို့တွင် စနစ်ဟောင်းဖြင့် လျှောက်ထားသည့် လျှပ်စစ်မီတာ ၁၈၆ လုံးအား အမြန်ဆုံးတပ်ဆင်ပေးခဲ့ပြီး မြို့ပေါ်ငါးရပ်ကွက်နှင့် ကျေးရွာများတွင် တပ်ဆင်ရန် ကျန်ရှိသည့် မီတာများကိုလည်း ဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ကျော်စွာ(စဉ့်ကိုင်)**

## ကျိုက်မရော အထက ကျောင်း၌ မီးဘေးနှင့်သဘာဝဆိုင်ရာအသိပညာပေးဟောပြော

**ကျိုက်မရော ဩဂုတ် ၁၅**

ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာနမှ စူပါအယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို



ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့ အထကကျောင်း (ပညာအားမာန်)ခန်းမ၌ ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်သောင်းဦးက စူပါအယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ၊ မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေးခြင်းများကို ရှင်းလင်းဟောပြောကာ သဘာဝဘေး အန္တရာယ်ဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ အထက ကျိုက်မရောကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၁၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

## မြောက်ဥက္ကလာပမြို့နယ် ကြယ်တံခွန်ရောင်းဝယ်ရေး သမဝါယမအသင်းအမှုဆောင်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ကြယ်တံခွန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမ အသင်းစုရုံး၌ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာမွန်က သမဝါယမ အသင်းဥပဒေအရ အမှုဆောင် ရွေးချယ် တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ် ဒေါ်ယွန်းလဲ့လဲ့က ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏ အတည်ပြုချက်များရယူကာ အမှုဆောင် ရွေးချယ်ခဲ့ကြသည်။ အဆိုပါ



အစည်းအဝေးသို့ အသင်းသား ၁၂ ဦး တက်ရောက်ခဲ့ပြီး အစုပေါ် အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပပြီးစီး

**စလင်း ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်



စာဖတ်ရှိန်မြှင့်တင်ရေးပိတ်ပွဲအခမ်းအနားကို ယနေ့နံနက်က ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးဇော်နိုင်တို့က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆောင်ရွက်အောင်မြင်မှုများအား ပြောကြားသည်။

ထို့နောက် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ Never Stop Learning Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား ဆုချီးမြှင့်ခြင်း၊ မြို့နယ်အတွင်းရှိ ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းများပြုလုပ်ပြီး သက်ဆိုင်ရာဌာနအလိုက် ခင်းကျင်းပြသထားသည့်ပြခန်းများနှင့် ရောင်စုံပန်းချီရေးဆွဲပြိုင်ပွဲ၊ စာအုပ်အရောင်းဆိုင်တို့ဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**မောင်လွင် (စလင်း)**

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၅**

Hyundai ASEAN Championship အမျိုးသား ဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဩဂုတ် ၁၆ ရက် ည ၇ နာရီခွဲအချိန်တွင် မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှားအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲအချိန်တွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲ တွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များအား ဩဂုတ် ၂၂ ရက်နှင့် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအား MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**သတင်းစဉ်**



## လယ်ဝေးမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**လယ်ဝေး ဩဂုတ် ၁၅**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ “ကျေးလက်ဒေသဖွံ့ဖြိုးရေး” ပြည်သူ့စကားဝိုင်း (Public Talk) ကို ယနေ့နံနက် ၉ နာရီက ရေအိုးစဉ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းငွေ၊ မြို့နယ်ဦးစီးမှူး ဦးစောဝင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး- ၅မှ ဦးစီးအရာရှိတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိလိုသည်များနှင့် မိမိတို့ရပ်ရွာအတွင်း လိုအပ်ချက်များအား မေးမြန်းခဲ့ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

### သင့်လျော်သည့်နေရာတစ်ခုသတ်မှတ်၍ အမှိုက်ပုံးတစ်လုံး ပြန်လည်ထားပေးစေလို

သို့

အယ်ဒီတာခင်ဗျား

ရပ်ကွက်/ကျေးရွာများ သန့်ရှင်းသာယာလှပစေရန် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းသည် အရေးကြီးပါသည်။ ထို့ကြောင့် အမှိုက်များစွန့်ပစ်ရန် စည်ပင်သာယာရေးကော်မတီမှ သင့်လျော်သည့်နေရာများတွင် အမှိုက်ပုံးများထားရှိပေးပါသည်။ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၁)လမ်းထိပ်တွင်လည်း မူလက အမှိုက်ပုံးတစ်လုံး ထားရှိပေးထားသဖြင့် အနီးဝန်းကျင်ရှိ မိသားစုများအနေဖြင့် အမှိုက်များကို လွယ်လွယ်ကူကူ စွန့်ပစ်နိုင်ခဲ့ပါသည်။ သို့သော် ယခုအခါ အမှိုက်ပုံးနှင့် နီးသည့်အိမ်တစ်အိမ်မှ အမှိုက်ပုံးထားရှိသည့်နေရာကို သွပ်ပြားများဖြင့် ကာရံပိတ်ဆို့လိုက်သည့်အတွက် အမှိုက်ပုံးမရှိတော့ဘဲ အမှိုက်စွန့်ပစ်စရာနေရာလည်း ခက်ခဲလျက်ရှိပါသည်။ ထို့ကြောင့် ဝေပုလ္လ(၁)လမ်းဝန်းကျင်ရှိ မိသားစုများအတွက် သင့်လျော်သည့်နေရာတစ်ခုသတ်မှတ်၍ အမှိုက်ပုံးတစ်လုံး ပြန်လည်ထားရှိပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

**ဝေပုလ္လ(၁)လမ်းသား**

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

# တည်ငြိမ်သောလုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်း

**တည်ငြိမ်သောလုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်းတို့သည် စီးပွားရေးတည်ငြိမ်မှု၏ အဓိကအုတ်မြစ်များဖြစ်သည်။ လူမှုဘဝအဆင်ပြေချောမွေ့မှု၊ စားဝတ်နေရေး ဖူလုံမှုနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ထိုနှစ်ချက်ပေါ်တွင် များစွာတည်မှီနေပါသည်။**

*သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)*

❖ **လုပ်ခတည်ငြိမ်မှုရရှိစေရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်သည်။ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်များ တိုးလာပြီး ဝင်ငွေတည်ငြိမ်မှုကို အထောက်အကူပြုမည်ဖြစ်သည်။ ထို့ပြင် အလုပ်သမားများအတွက် အနည်းဆုံး လုပ်ခလစာကို သင့်တင့်သည့်အဆင့်တွင် သတ်မှတ်ထားခြင်းကလည်း အရေးကြီး**

**တည်ငြိမ်သောလုပ်ခ** ဆိုသည်မှာ အလုပ်သမားများနှင့် ဝန်ထမ်းများအတွက် အချိန်ကာလတစ်ခုအတွင်း ယုံကြည်စိတ်ချစွာ ရရှိနိုင်သော မပြောင်းလဲသည့် ဝင်ငွေကို ဆိုလိုသည်။ လုပ်ခတည်ငြိမ်မှုရှိပါက မိမိတို့၏ နေ့စဉ်အသုံးစရိတ်များကို စီမံခန့်ခွဲရန် လွယ်ကူစေပြီး မိသားစုဘဝကိုလည်း စိတ်ချလုံခြုံစွာ တည်ဆောက်နိုင်သည်။ ထို့ပြင် အလုပ်သမားများ၏ စိတ်ဓာတ်တက်ကြွမှုနှင့် ထုတ်လုပ်မှုစွမ်းအားတို့လည်း မြင့်မားလာမည်ဖြစ်ပါသည်။

**တည်ငြိမ်သောဈေးနှုန်း**သည် စားသုံးသူများအတွက် အလွန်အရေးပါသည်။ ဈေးနှုန်းများ မတည်ငြိမ်ပါက နေထိုင်မှုအခက်အခဲများကို ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် အခြေခံစားသောက်ကုန်များနှင့် နေ့စဉ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းတက်ခြင်းသည် လူမှုဘဝအပေါ် တိုက်ရိုက်ထိခိုက်မှုရှိသည်။ ထို့ကြောင့် ဈေးနှုန်းတည်ငြိမ်မှုကို ဖော်ဆောင်နိုင်ရန် စီးပွားရေးအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

လုပ်ခနှင့် ဈေးနှုန်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။ လုပ်ခတိုးလျှင် ဈေးနှုန်းမြင့်တက်မှု ဖြစ်ပေါ်တတ်ပြီး ဈေးနှုန်းမြင့်တက်ပါကလည်း လုပ်ခတိုးတောင်းမှု ဖြစ်ပေါ်တတ်သည်။ သို့သော် လုပ်ခတိုးလာသော်လည်း ဈေးနှုန်းများ အလွန်မြင့်တက်ခြင်း (တိုးလာသည့်လုပ်ခထက် ဈေးနှုန်းမြင့်တက်မှုပိုများခြင်း) ဖြစ်ပေါ်ပါက အမှန်ဝင်ငွေ (real income) မတိုးတက်နိုင်ပါ။ ထို့ကြောင့် လုပ်ခတိုးမြှင့်ပေးမည်ဆိုပါက လုပ်ခတိုးမြှင့်မှုနှင့်အတူ ဈေးနှုန်းထိန်းချုပ်မှုကို အတူတကွလုပ်ဆောင်ရမည်ဖြစ်ပါသည်။

**ပူးပေါင်းဆောင်ရွက်ရန်လိုအပ်**

တည်ငြိမ်သောလုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်းများသည် စီးပွားရေးစနစ်တစ်ခုလုံး၏ စနစ်တကျစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည်။ ထို့ကြောင့် အစိုးရ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ပြည်သူလူထုတို့အားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

အစိုးရဘက်မှ စီးပွားရေးမူဝါဒများကို တည်ငြိမ်စွာ ချမှတ်အကောင်အထည်ဖော်နိုင်ရေးအတွက် ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်ရန် ငွေကြေးမူဝါဒနှင့် ဘဏ္ဍာရေးမူဝါဒတို့ကို သင့်တင့်ညီညွတ်စွာ အသုံးချရမည်။ အထူးသဖြင့် အခြေခံစားသောက်ကုန်များ၏ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို ထိန်းညှိပေးခြင်းဖြင့် ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်မည်။

လုပ်ခတည်ငြိမ်မှုရရှိစေရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်သည်။ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက အလုပ်အကိုင်များ တိုးလာပြီး ဝင်ငွေတည်ငြိမ်မှုကို အထောက်အကူပြုမည် ဖြစ်သည်။ ထို့ပြင် အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာကို သင့်တင့်သည့်အဆင့်တွင် သတ်မှတ်ထားခြင်းကလည်း အရေးကြီးသည်။

ဈေးနှုန်းများ မတည်မငြိမ်ဖြစ်ပေါ်မှုကို ကာကွယ်ရန်အတွက် တရားမျှတမှုရှိသော ဈေးကွက်ဖြစ်စေရန် စည်းမျဉ်းစည်းကမ်းများဖြင့် အကောင်အထည်ဖော်ရမည်။ ဈေးနှုန်းများ အဆမတန်မြှင့်တင်ခြင်း၊ ကုန်ပစ္စည်းရှားပါးနေချိန်တွင် သိုလှောင်ထားခြင်းကဲ့သို့သော လုပ်ရပ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရမည်ဖြစ်သည်။

ပညာရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးကိုလည်း အလေးထားရမည်။ လူသားအရင်းအမြစ် တိုးတက်လာပါက ထုတ်လုပ်မှုစွမ်းအားမြင့်တက်ပြီး လုပ်ခလည်း တိုးတက်လာနိုင်သည်။ ထိုအခါ ဈေးနှုန်းနှင့် လုပ်ခတို့ကို သင့်တင့်ညီညွတ်စွာ ထိန်းညှိနိုင်မည်ဖြစ်သည်။

ပြည်သူလူထုဘက်မှလည်း စီးပွားရေး အသိပညာရှိရမည်။ မလိုအပ်သော အသုံးစရိတ်များကို လျှော့ချခြင်း၊ ထုတ်လုပ်မှုကို အားပေးခြင်းတို့ဖြင့် စီးပွားရေးတည်ငြိမ်မှုကို အထောက်အကူပြုနိုင်ရမည်ဖြစ်သည်။

တည်ငြိမ်သောလုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်းဖြစ်စေရန် အစိုးရမူဝါဒများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုတို့ တစ်ပြိုင်နက်တည်း လိုအပ်သည်။ ထိုအချက်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ပါက လူမှုဘဝတည်ငြိမ်မှုနှင့် နိုင်ငံတိုးတက်မှုတို့ကို ရရှိနိုင်မည်ဖြစ်သည်။

**အကျိုးကျေးဇူး**

တည်ငြိမ်သောလုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်းများသည် လူမှုဘဝနှင့် စီးပွားရေး တိုးတက်မှုအတွက် အရေးကြီးသော အကျိုးကျေးဇူးများစွာကို ဖြစ်ပေါ်စေသည်။

လူနေမှုဘဝ တည်ငြိမ်မှုကို အထောက်အကူပြုမည်။ လုပ်ခတည်ငြိမ်ပါက လူများသည် မိမိတို့၏ ဝင်ငွေကို ယုံကြည်စိတ်ချစွာ စီမံခန့်ခွဲနိုင်ပြီး မိသားစုအတွက် လိုအပ်သော စားဝတ်နေရေးကို သေချာစွာ ဖြည့်ဆည်းနိုင်မည်။ ထိုအခါ စိတ်ပူပန်မှုများ လျော့နည်းလာပြီး လူမှုဘဝ ပိုမိုတည်ငြိမ်လာမည်။

စားသုံးသူများအတွက် အကျိုးရှိမည်။ ဈေးနှုန်းများ တည်ငြိမ်နေပါက လူများက ပစ္စည်းများ၏ ဈေးနှုန်းကို သိရှိနေသောကြောင့် အသုံးစရိတ်ကို စနစ်တကျစီမံနိုင်ပြီး ဈေးနှုန်း မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော အခက်အခဲများကို လျှော့ချနိုင်မည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးမည်။ လုပ်ခနှင့် ဈေးနှုန်းများ တည်ငြိမ်ပါက လုပ်ငန်းရှင်များက အနာဂတ်စီမံကိန်းများကို ယုံကြည်စိတ်ချစွာ ချမှတ်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးလာပြီး စီးပွားရေးတိုးတက်မှုကို လှုံ့ဆော်ပေးမည်။

လူမှု မညီမျှမှုကို လျှော့ချပေးနိုင်မည်။ ဈေးနှုန်းမြင့်မားခြင်းကြောင့် ဆင်းရဲချမ်းသာကွာဟမှုများ ပိုမိုကြီးထွားလာနိုင်သော်လည်း ဈေးနှုန်းတည်ငြိမ်ပါက လူအားလုံးအတွက် အခွင့်အလမ်းများ ပိုမိုညီမျှလာမည်။ လုပ်ခတည်ငြိမ်မှုနှင့်အတူ လူမှုတရားမျှတမှုလည်း တိုးတက်လာမည်။

နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်မှုကို ခိုင်မာစေမည်။ လုပ်ခနှင့် ဈေးနှုန်းများကို ကောင်းမွန်စွာ ထိန်းညှိနိုင်ပါက ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ပြီး စီးပွားရေး တည်ငြိမ်မှုကို ဖြစ်ပေါ်စေနိုင်မည်။

ငွေကြေးစနစ်အပေါ် သက်ရောက်မှုကိုလည်း ရှိမည်။ လုပ်ခနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိပါက ငွေတန်ဖိုး တည်ငြိမ်လာပြီး လူများ၏ ဝယ်ယူနိုင်စွမ်းကို ကာကွယ်ပေးနိုင်သောကြောင့် ငွေကြေးအပေါ် ယုံကြည်မှု ခိုင်မာလာမည်။

**စဉ်းစားရမည့်အချက်များ**

တည်ငြိမ်သောလုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်းတို့သည် လူမှုဘဝနှင့် စီးပွားရေးစနစ်အပေါ် အကျိုးသက်ရောက်မှုများစွာ ရှိစေသော်လည်း အခြေအနေပေါ် မူတည်၍ စဉ်းစားရမည့်အချက်များကိုလည်း သတိထားရမည်။ လုပ်ခကို တည်ငြိမ်စေရန် တင်းကျပ်စွာ ထိန်းထားပါက အလုပ်သမားများ၏ စိတ်ဓာတ်ကျဆင်းခြင်း၊ ထုတ်လုပ်မှုစွမ်းရည် ကျဆင်းခြင်းနှင့် အလုပ်အကိုင် ပြောင်းရွှေ့လိုခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထိုကဲ့သို့ပင် ဈေးနှုန်းများကို အလွန်အမင်း ထိန်းချုပ်ခြင်းသည်လည်း ဈေးကွက်အလိုအလျောက် ညှိနှိုင်းမှုကို ထိခိုက်စေနိုင်ပြီး ကုန်ပစ္စည်းရှားပါးမှုများ ဖြစ်ပေါ်နိုင်သည်။

**ထိရောက်သောစီမံခန့်ခွဲမှု**

တည်ငြိမ်သောလုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်းများသည် လူတစ်ဦးချင်းစီမှစ၍ နိုင်ငံတော်တစ်ခုလုံးအထိ အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သည်။ တည်ငြိမ်သော လုပ်ခနှင့် တည်ငြိမ်သောဈေးနှုန်းတို့သည် လူမှုဘဝနှင့် စီးပွားရေးအတွက် အကျိုးသက်ရောက်မှုကြီးမားသော်လည်း ထိုအရာများကို သင့်တင့်ညီညွတ်စွာ စီမံခန့်ခွဲရန် လိုအပ်သည်။ ထိရောက်သော မူဝါဒများနှင့် သင့်တင့်သောထိန်းညှိမှုများဖြင့် ဆောင်ရွက်နိုင်ပါက ကောင်းမွန်သောအကျိုးသက်ရောက်မှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**❝ လုပ်ခနှင့် ဈေးနှုန်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်။ လုပ်ခတိုးလျှင် ဈေးနှုန်းမြင့်တက်မှုဖြစ်ပေါ်တတ်ပြီး ဈေးနှုန်းမြင့်တက်ပါကလည်း လုပ်ခတိုးတောင်းမှု ဖြစ်ပေါ်တတ်သည်။ သို့သော် လုပ်ခတိုးလာသော်လည်း ဈေးနှုန်းများ အလွန်မြင့်တက်ခြင်း (တိုးလာသည့်လုပ်ခထက် ဈေးနှုန်းမြင့်တက်မှုပိုများခြင်း) ဖြစ်ပေါ်ပါက အမှန်ဝင်ငွေ (real income) မတိုးတက်နိုင်ပါ။ ထို့ကြောင့် လုပ်ခတိုးမြှင့်ပေးမည်ဆိုပါက လုပ်ခတိုးမြှင့်မှုနှင့်အတူ ဈေးနှုန်းထိန်းချုပ်မှုကို အတူတကွလုပ်ဆောင်ရမည် ❞**

## ပြည်တက္ကသိုလ်၌ ကိုယ်ကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ

**ပြည် ဩဂုတ် ၁၅**

ကာယဗလမောင်၊ ကာယအလှမယ်နှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မြန်မာစာဌာန၊ အနုပညာအသင်းနှင့် အင်္ဂလိပ်စာဌာနတို့မှ ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုဖျော်ဖြေ ဖွင့်လှစ်ခဲ့ကြသည်။ ထို့နောက် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။



ယင်းနောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုများ၊ ဌာနအသီးသီး၏ တေးသီဆို အကအလှဖျော်ဖြေရေး၊ ကာယအလှမယ် ပြိုင်ပွဲနှင့် ကာယဗလမောင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဆုရရှိသူများအား ပြည်တက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာခင်မောင်ဇော်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်၊ ဂုဏ်ပြုဆုများနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **ဝဏ္ဏထွန်း(ပြန်/ဆက်)**

## ငှက်ပျောလျှော် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**တောင်ငူ ဩဂုတ် ၁၅**

တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ငှက်ပျောလျှော် တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်ပွဲကို ရေတာရှည်မြို့နယ် ထန်းကုန်းကျေးရွာ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားကာ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူမြို့၌ သက်တော်ရှည်ဆရာတော်နှင့် ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်

ပခုက္ကူ ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၅)ရပ်ကွက် ဓမ္မဗိမာန် တပ်ဦးကျောင်းရှိ သက်တော်ရှည်



ဆရာတော်နှင့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြရာ ဓမ္မဗိမာန် တပ်ဦးကျောင်းရှိ သက်တော် (၁၀၄)နှစ်ပြည့် ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ မဟာထေရ် အရှင်သူမြတ်နှင့် ဧည့်သည်တော်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ကြသည်။

ထို့နောက် ဆရာတော် အရှင်သူမြတ်ထံမှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးမှူး ဦးကျင်ရွှေနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များနာယူကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## မအူပင်တက္ကသိုလ် သန့်ရှင်းသာယာလှပရေးနှင့် ဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်

မအူပင် ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်ဝင်း အတွင်းအပြင် သန့်ရှင်းသာယာလှပစေရေး၊ ဥပမိရပ်ကောင်းမွန်စေရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့က တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



တိုင်းဒေသကြီး ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်တက္ကသိုလ်ဝင်းအရှေ့ လမ်းဘေးဝဲယာတစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ သစ်ပင်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးသည် MSME လုပ်ငန်းများဖွံ့ဖြိုးရေးနှင့် ဆက်စပ်နေသည့် Zoology ဌာနမှ ငါးရှဉ့်စမ်းသပ် မွေးမြူနေမှုများကိုလည်းကောင်း၊ စပါးဖျက် ငမြှောင်တောင်ပိုး ကာကွယ်တားဆီးနိုင်ရေး စမ်းသပ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဓမ္မဂုဏ်ရည်ကျောင်းတိုက်ဘေး ကွင်းဆင်းလမ်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ ဘဲမွေးမြူသူ သမဝါယမ အသင်းသားများအား ပံ့ပိုးချေးငွေများ ပေးအပ်



တိုက်ကြီး ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ရွှေဝါထွန်းမွေးမြူရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က ဘဲမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့်သူများအား လိုအပ်သည့်ပံ့ပိုးချေးငွေများ ပေးအပ်ခြင်းကို ယမန်နေ့က လောက်လေးချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး လုပ်ငန်းဆောင်ရွက်နိုင်ရန် ထုတ်ချေးပေးခြင်းဖြစ်ရာ ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဘဲမွေးမြူသူအသင်းသားများထံ ပံ့ပိုးချေးငွေကျပ် သိန်း ၂၅၀ ကို ပေးအပ်ခဲ့သည်။ **ဝတ်ရည်(ပြန်/ဆက်)**

## စာပေနည်းပညာပြန့်ပွားရေး ဟောပြော

ရန်ကုန် ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ဆရာအောင် ATG ၏ AI သည်ဝန်ထမ်း သင်သည်မန်နေဂျာ စာပေနည်းပညာ



ပြန့်ပွားရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးချမ်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်မြတ်က မုဒိတာစကားပြောကြားပြီး ဆရာအောင် ATG က AI သည်ဝန်ထမ်း သင်သည်မန်နေဂျာ ဆောင်းပါးအကြောင်း ဟောပြောကာ လက်တွေ့အသုံးချနည်း ဗီဒီယိုကလစ်ကို ပြသခဲ့သည်။ ယင်းနောက် ကလေးအလုပ်သမားပပျောက်ရေးနှင့် ကလေးစစ်သားစစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ထိန်းသိမ်းရေး အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်၊ စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုခဲ့ကြသည်။ **ဟန်နီ(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ချောင်းဆုံ ဩဂုတ် ၁၅

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအနေဖြင့် ယမန်နေ့က ချောင်းဆုံ(အထက)ကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၀၂ ဦးအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ၂၈၃ ဦးအား ကျန်းမာရေးဆေးကုသပေးခြင်း၊ ၁၁၈၅ ဦးအား သန်ချဆေးတိုက်ကျွေးခြင်းနှင့် KG တန်းမှ ကျောင်းသား ကျောင်းသူ ၂၃ ဦးအား



အာဟာရကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ကျောင်းအတွင်းရှိ မုန့်ဈေးတန်းများ၌ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ ရောင်းချခြင်း ရှိ မရှိကို တာဝန်ရှိသူများက စစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး



နေပြည်တော် ဩဂုတ် ၁၅

နေပြည်တော်တိုင်းရင်းဆေးရုံကြီး ကွင်းဆင်းဆေးကုသရေးအဖွဲ့က ဇေယျာသီရိမြို့နယ်အတွင်းရှိ ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။

နေပြည်တော်တိုင်းရင်းဆေးရုံ ဒုတိယဆေးရုံအုပ် ဦးလှမော်၊ လေငန်းရောဂါနှင့် အထွေထွေရောဂါကုသမားတော်များ၊ တိုင်းရင်းဆေး ဆရာ ဆရာမများနှင့် တိုင်းရင်းဆေးတက္ကသိုလ်မှ အလုပ်သင် ဆရာ ဆရာမများက မွန်းတည့်ခွင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူ ကလေးငယ်များအား မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများနှင့် တိုင်းရင်းဆေးပညာအကြောင်း အသိပညာပေးဟောပြောသည်။ ယင်းနောက် ဆေးကုသမှုခံယူသူပြည်သူများအား သွေးတိုး၊ ဆီးချို၊ ဒူးနာ၊ ခါးနာ၊ အာရုံကြောရောဂါများ စသည့်ရောဂါများ ကုသပေးခဲ့သည်။ **ထွန်းလင်း(ဇေယျာမြေ)**

## မြောင်းမြမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

မြောင်းမြ ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၂/၂၀၂၆)ဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူး ၁၁၄ ဦးတို့အား ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**





## စားအုန်းဆီအရောင်းဆိုင်များအား စစ်ဆေး

ကျောက်တံခါး ဩဂုတ် ၁၅

ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့၌ ယနေ့နံနက်ပိုင်းတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးရဲမင်းထွဋ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ(စုံစမ်းရေး) ဦးမျိုးမင်းမင်းနှင့် တာဝန်ရှိသူများက စားအုန်းဆီအရောင်းဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချခြင်း ရှိ မရှိ၊ မှန်ခြောက်မှန်နှင့်အညီ ပြည်သူများအား အမှန်တကယ် ရောင်းချပေးခြင်း ရှိ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **မျိုးမင်း(ပြန်/ဆက်)**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ဟင်္သာတမြို့နယ်၌ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်



**ဟင်္သာတ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းကို ဩဂုတ် ၁၃ ရက်က အေးမြသာယာရပ်ကွက်၌ ဆောင်ရွက်လျက်ရှိသည်။

စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများက ခရိုင်အားကစားကွင်းအနီးတွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြေကော်စက်ကြီးများဖြင့် ရေမြောင်းတူးဖော်ခြင်း လမ်းဘေး ဝဲ/ယာ ရှင်းလင်းခြင်းနှင့် အလင်းဖွင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ထွန်းဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ ရေကြီးရေလျှံမှုမရှိစေရေး ရေမြောင်းများ ရှင်းလင်း

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ဗိုလ်ချုပ်လမ်းရှိ ရေမြောင်းနှင့် မင်္ဂလာရာမလမ်းရှိ ရေမြောင်းများကို စက်ယန္တရားအသုံးပြု၍ ရှင်းလင်းဆောင်ရွက်ထားရှိမှုကို ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ မဟာဗန္ဓုလလမ်းမပေါ်တွင် ကတ်တုံးများနှင့် ဆိုလာမီးများ တပ်ဆင်ပြီးစီးထားရှိမှုနှင့် မြို့နယ်ပန်းခြံအတွင်းရှိကလေးကစားကွင်းနှင့် မြေယာရှုခင်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## ရေဦးမြို့၌ မူးမြစ်ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်



**ရေဦး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်မူးမြစ်ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၁၃ ရက်က ရေဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီဦးခန်းမ၌ ကျင်းပရာ ခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမင်းသူရက ရေများပြန်လည်ကျဆင်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ရာ ရေများပြန်လည်ကျဆင်းပြီဖြစ်သောကြောင့် အထက(၂)ကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် မူးမြစ်ရေဘေးသင့်ပြည်သူ ၉၆၇ ဦးနှင့် ပျက်စီးသွားသည့် နေအိမ်သုံးလုံးအတွက် ထောက်ပံ့ငွေကျပ် ၅၁၃၅၀၀၀ ကို တာဝန်ရှိသူများက မူးမြစ်ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျင်းပ

**မုဒုံ ဩဂုတ် ၁၅**

မွန်ပြည်နယ် မုဒုံမြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က အထက-၁ကျောင်းရှိရှင်အရဟံခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မိုးနိုင်က ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်အကြောင်း၊ သွားနှင့် ခံတွင်း ဆရာဝန် ဒေါက်တာလမင်းထက်က ခံတွင်းကင်ဆာ အကြောင်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

**ရာမည(ပြန်/ဆက်)**

## အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား ကျင်းပ

**ငပုတော ဩဂုတ် ၁၅**

ငပုတောမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ (ခေတ္တ)မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းနေလွင်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်မြင့်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကလေးငယ်များနှင့် မိခင်များအား ဗီတာမင်အေ ဆေးတိုက်ကျွေးခြင်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**အောင်သူ(ပြန်/ဆက်)**



## ထားဝယ်မြို့၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

**ထားဝယ် ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး အခွန်ဦးစီးဌာနက စီးပွားရေးလုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ထားဝယ်မြို့နယ်အခွန်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက အခွန်ဆိုင်ရာ ပညာပေးဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အခွန်ဆိုင်ရာအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ဆွေးနွေးပွဲသို့ အခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်း၊ ရွှေဆိုင်၊ မိုဘိုင်းဖုန်းစသည့် စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ခန့် တက်ရောက်ကြသည်။

**ငွေဇင်ယော်(ထားဝယ်)**

## ကျောင်းကျန်းမာရေး ရက်သတ္တပတ်အထိမ်းအမှတ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးပြခန်းပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေး ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် ကျောင်းကျန်းမာရေး ပြခန်းပြိုင်ပွဲကို ယမန်နေ့က အမှတ်(၃)မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူယာကျော်က ကျောင်းကျန်းမာရေး ပြခန်းပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများက အင်အားဖြစ်စေသော အစာအုပ်စု၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စု၊ ကျောင်းကျန်းမာရေးဆိုင်ရာ အသိပညာပေး၊ ကူးစက်တတ်သောရောဂါများ၊ သွေးလွန်တုပ်ကွေး အန္တရာယ် ကာကွယ်နှိမ်နင်းရေး၊ ရောဂါကာကွယ်စေသော အစာအုပ်စု၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားနှင့်ခံတွင်း သန့်ရှင်းရေး စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**



## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၅**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးအေးမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလပြည့်ဇင် (လက်ယာမေတ္တာတံခွန်) က စာဖတ်ခြင်း အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။



ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ပြီး ဂိမ်းကစားနည်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အနိုင်ရရှိသူများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ဆွေးနွေးကြရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇွဲမင်းထက်(ပြန်/ဆက်)**

# ပို့ဆောင်ရေးဝန်ကြီးဌာန
# မြန်မာ့မီးရထား
# အလုပ်လျှောက်လွှာခေါ်ယူခြင်း
# ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ စက်မှု/သွားလာ ဌာနခွဲတွင် လစ်လပ်လျက်ရှိသော စက်ခေါင်းမှူး(၃)၊ အငယ်တန်းစာရေး၊ စက်ခေါင်းမှူး(၅)ဆီလောင်း ရာထူးနေရာများအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူးနှင့်လစာနှုန်းထား | အနိမ့်ဆုံးပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| က | စက်ခေါင်းမှူး(၃) (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | - A.G.T.I (MP), (MT), (EP), (EC), (MC) ရရှိရမည်။ | ၂၀ | ၁၀ | ၃၀ |
| ခ | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိရမည်။ - ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။ | | | ၁၀ |
| ဂ | စက်ခေါင်းမှူး(၅)ဆီလောင်း (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | - အခြေခံပညာ အထက်တန်း (သို့မဟုတ်) T.H.S အောင်မြင်ရမည်။ | ၄၀ | ၁၀ | ၅၀ |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့် (၁၁-၉-၂၀၂၆)ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက သတ်မှတ်အသက်ထက် (၃)နှစ် တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။ (ဆေးစစ်မှုများပြုလုပ်ရမည်)

(င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း ခံထားရသူများ မဖြစ်ရ။

(စ) စက်ခေါင်းမှူး(၃)နှင့် စက်ခေါင်းမှူး(၅)ဆီလောင်း ရာထူးနေရာများအတွက် အမြင်အာရုံ ကောင်းမွန်သူ ဖြစ်ရမည်။ မျက်မှန်/မျက်ကပ်မှန် တပ်ဆင်ထားသူများ မဖြစ်စေရ။ (ရေးဖြေစာမေးပွဲ အောင်မြင်ပြီးပါက **Colour Blind Test** စစ်ဆေးအောင်မြင်ပြီးမှသာ ခန့်ထားမည်ဖြစ်ပါသည်။)

(ဆ) စက်ခေါင်းမှူး(၃) ရာထူးနေရာနှင့် စက်ခေါင်းမှူး(၅)ဆီလောင်း ရာထူးနေရာများအတွက် လျှောက်ထားမည့် အမျိုးသားများသည် အနည်းဆုံး အရပ်အမြင့် (၅' ၄") နှင့် ကိုယ်အလေးချိန် ပေါင် (၁၁၀-၁၃၀)အကြား ရှိရမည်။

(ဇ) စက်ခေါင်းမှူး(၃)ရာထူးနေရာနှင့် စက်ခေါင်းမှူး(၅)ဆီလောင်း ရာထူးနေရာများအတွက် လျှောက်ထားမည့် အမျိုးသမီးများသည် အနည်းဆုံး အရပ်အမြင့် (၅' ၂") နှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀-၁၂၀)အကြား ရှိရမည်။ အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

(ဈ) စက်ခေါင်းမှူး(၃)နှင့် စက်ခေါင်းမှူး(၅)ဆီလောင်းရာထူးနေရာများသို့ လျှောက်ထားသူများသည် နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာ့မီးရထား **Website** ဖြစ်သော **https://www.railways.gov.mm** ၏ **Homepage** တွင် **Download** ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၊ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု/သွားလာ)ရုံး၊ နေပြည်တော်ဘူတာကြီး၌လည်းကောင်း၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)၊ တိုင်းအမှတ်(၇)ရန်ကုန်ရုံး၌လည်းကောင်း၊ မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)၊ တိုင်းအမှတ်(၃)မန္တလေးရုံး၌လည်းကောင်း အခမဲ့ရယူနိုင်ပါသည်-

၄။ သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်။

(က) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)

(ဂ) စက်ခေါင်းမှူး(၃)ရာထူး လျှောက်ထားသူများအနေဖြင့် **A.G.T.I** အောင်လက်မှတ်(မိတ္တူ)၊ အငယ်တန်းစာရေးရာထူး လျှောက်ထားသူများအနေဖြင့် ဘွဲ့လက်မှတ်(မိတ္တူ)၊ စက်ခေါင်းမှူး(၅) ဆီလောင်းရာထူးလျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံစာစစ်ဌာနမှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) **T.H.S** အောင်လက်မှတ်(မိတ္တူ)

(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း) မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

(င) နိုင်ငံ့ဝန်ထမ်းများအတွက် မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲ၏ ထောက်ခံချက်

(စ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်(မူရင်း)

၅။ လျှောက်လွှာများကို မြန်မာ့မီးရထား(ရုံးချုပ်)၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံး၊ နေပြည်တော်ဘူတာကြီးထံသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) စာတိုက်မှ မှတ်ပုံတင်၍ ဖြစ်စေ(၁၁-၉-၂၀၂၆)ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည်။ ရန်ကုန်ဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)၊ တိုင်းအမှတ်(၇)ရန်ကုန်ရုံးနှင့် မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)၊ တိုင်းအမှတ်(၃)မန္တလေးရုံးတို့တွင်လည်းကောင်း (၁၁-၉-၂၀၂၆)ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည်။ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်လျှောက်လွှာတစ်စုံကို ဓာတ်ပုံ(၃)ပုံနှင့်အတူ ပေးပို့ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**စက်ခေါင်းမှူး(၃) ရာထူးနေရာများအတွက်**

| ကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် |
|---|---|---|
| ၃-၁၀- ၂၀၂၆ | နံနက်(၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ | မြန်မာစာ |
| ၃-၁၀- ၂၀၂၆ | မွန်းတည့်(၁၂:၀၀)နာရီမှ ညနေ(၁၄:၀၀)နာရီထိ | အင်္ဂလိပ်စာ |
| ၃-၁၀- ၂၀၂၆ | ညနေ(၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ | အထွေထွေဗဟုသုတ |

**အငယ်တန်းစာရေး ရာထူးနေရာများအတွက်**

| ကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် |
|---|---|---|
| ၄-၁၀- ၂၀၂၆ | နံနက်(၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ | မြန်မာစာ |
| ၄-၁၀- ၂၀၂၆ | မွန်းတည့်(၁၂:၀၀)နာရီမှ ညနေ(၁၄:၀၀)နာရီထိ | အင်္ဂလိပ်စာ |
| ၄-၁၀- ၂၀၂၆ | ညနေ(၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ | အထွေထွေဗဟုသုတ |

**စက်ခေါင်းမှူး(၅)ဆီလောင်း ရာထူးနေရာများအတွက်**

| ကျင်းပမည့်နေ့ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁၀-၁၀- ၂၀၂၆ | နံနက်(၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ | မြန်မာစာ |
| ၁၀-၁၀- ၂၀၂၆ | မွန်းတည့်(၁၂:၀၀)နာရီမှ ညနေ(၁၄:၀၀)နာရီထိ | အင်္ဂလိပ်စာ |
| ၁၀-၁၀- ၂၀၂၆ | ညနေ(၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ | အထွေထွေဗဟုသုတ |

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို စက်ခေါင်းမှူး(၃)ရာထူးနေရာအတွက် (၂၈-၉-၂၀၂၆)ရက်နေ့နှင့် (၂၉-၉-၂၀၂၆)ရက်နေ့တို့တွင်လည်းကောင်း၊ အငယ်တန်းစာရေး ရာထူးနေရာအတွက်(၁-၁၀-၂၀၂၆) ရက်နေ့နှင့် (၂-၁၀-၂၀၂၆)ရက်နေ့တို့တွင်လည်းကောင်း၊ စက်ခေါင်းမှူး(၅)ဆီလောင်း ရာထူးနေရာအတွက် (၈-၁၀-၂၀၂၆)ရက်နေ့နှင့် (၉-၁၀-၂၀၂၆) ရက်နေ့တို့တွင်လည်းကောင်း ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သတ်မှတ်ထားသော ပညာအရည်အချင်းဆိုင်ရာ အထောက်အထား/ အောင်လက်မှတ်၊ သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း) တို့ကိုပြသ၍ မြန်မာ့မီးရထား(ရုံးချုပ်)၊ ဒုတိယအထွေထွေမန်နေဂျာ (စက်မှု/သွားလာ)ရုံး၊ နေပြည်တော်ဘူတာကြီးတွင် ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကတ်ပြား ထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာအား ကြော်ငြာထားမည်ဖြစ်ပါသည်။

၈။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမည်ဖြစ်ပြီး လူတွေ့ဖြေဆိုရမည့်သူစာရင်းနှင့် နေ့ရက်များကို လျှောက်လွှာပေးပို့လျှောက်ထားခဲ့သည့် ရုံးများနှင့် **Website** တွင် ကြော်ငြာပေးသွားမည်ဖြစ်ပါသည်။

၉။ စက်ခေါင်းမှူး(၃)နှင့် စက်ခေါင်းမှူး(၅)ဆီလောင်းရာထူးနေရာများတွင် ရွေးချယ်ခြင်းခံရသူများသည် ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း(မိတ္ထီလာ)၌ သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး၊ သင်တန်းကာလမှာ စက်ခေါင်းမှူး(၃)များအတွက် ရက်သတ္တပတ်(၂၉)ပတ်၊ စက်ခေါင်းမှူး(၅)ဆီလောင်း များအတွက် ရက်သတ္တပတ် (၁၂)ပတ် ဖြစ်ပါသည်။

၁၀။ မြန်မာ့မီးရထားတွင် တစ်ဆက်တည်း အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိစာချုပ်တွင် လက်မှတ်ရေးထိုးရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ ဒုတိယအထွေထွေ မန်နေဂျာ(စက်မှု/သွားလာ)ရုံး၊ နေပြည်တော်ဘူတာကြီးတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ် (၀၆၇-၈၀၇၇၁၁၄ ၊ ၈၀၇၇၀၄၁)သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဦးဘစံလမ်း၊ အမှတ်(၃၁/၂)နေ ဦးငြိမ်းချမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ Cosmic Power Company Limited နှင့် ပတ်သက်၍ အများသိစေရန် ကြေညာအပ်သည်မှာ-

Cosmic Power Company Limited သည် ဦးငြိမ်းချမ်းကိုယ်တိုင် တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး DICAတွင် တရားဝင်မှတ်ပုံတင်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။ ဦးငြိမ်းချမ်းမှာ အဆိုပါ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ ကုမ္ပဏီနှင့်ပတ်သက်၍ ဦးငြိမ်းချမ်း သိရှိခွင့်ပြုခြင်းမရှိပါဘဲ DICA တွင်အမည် ပြောင်းလဲခြင်း၊ ကုမ္ပဏီ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကုမ္ပဏီတွင် အသုံးပြုနေသည့် ပစ္စည်းများအားလုံး၊ ကုမ္ပဏီတွင် အသုံးပြုနေသော မော်တော်ယာဉ်များ အားလုံးနှင့် ကုမ္ပဏီပိုင်အဆောက်အအုံနှင့် ကုမ္ပဏီတည်ရှိရာ မြေကွက်တို့အား ဦးငြိမ်းချမ်း သိရှိခွင့်ပြုခြင်းမရှိပါဘဲ တစ်စုံတစ်ရာပြောင်းလဲမှု မပြုလုပ်ရန်နှင့် ကုမ္ပဏီနှင့်ပတ်သက်သော အဝင်အထွက်စာရင်းများအားလုံးကို စာရင်းရှင်းတမ်းပြုလုပ်၍ တရားဝင်စာရင်းစစ်သွားမည်ဖြစ်ကြောင်းနှင့် ဒါရိုက်တာ ဦးငြိမ်းချမ်း မသိရှိခဲ့ပါက ကုမ္ပဏီနှင့်ပတ်သက်သော ကိစ္စအဝဝအား ဦးငြိမ်းချမ်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဒါရိုက်တာဦးငြိမ်းချမ်းမသိရှိပါဘဲ ကုမ္ပဏီအမည်ခံ၍ ပြုလုပ်ခဲ့သောကိစ္စအဝဝအား ဒါရိုက်တာ ဦးငြိမ်းချမ်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငြိမ်းချမ်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဝေလွင် (LL.B, DIL, D.I.P.L)** **ဒေါ်သက်သက်မိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၆၁၀/၂၁) အထက်တန်းရှေ့နေ(စဥ်-၅၆၂၀၇/၂၀၂၃)**

**သဃ်န်းကျွန်းမြို့နယ်တရားရုံးဝင်း၊ ဦးဘဟန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-09-5034587, 09-259318419,09-427668633,09-793388210**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၀၊ ၅၁)၊ မြေကွက်အမှတ်(၁၂၆၃)၊ နေကြာ(၄)လမ်းရှိ ဒေါ်မြင့်စိုး(၁၂/ မဂဒ(နိုင်)၀၀၈၁၃၁) အမည်ပေါက် မြေချပါမစ်မူရင်း၊ ဧရိယာ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀)ရှိ အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ထွန်း(၁၂/ဒဂတ(နိုင်)၀၁၈၂၇၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လီကော်ရွှမ်(၁၃/လရန(နိုင်)၂၇၀၀၂၆)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လီကော်ရွှမ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုရည်လှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၇၄၅)**

**အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | 56(Re-T)/EPGE (GT)/ 2026-2027 | မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအတွက် Mechanical Spare Parts (၉) မျိုး ဝယ်ယူခြင်း |
| (ခ) | 57(Re-T)/EPGE (REHP)/ 2026-2027 | ကွန်းချောင်း ဓာတ်အားပေးစက်ရုံအတွက် 230/11kV, 25MVA, Main Transformer Bushing (2) Nos ဝယ်ယူလဲလှယ်ခြင်း။ |

၂။ ဝယ်ယူမည့်ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ် (က) နှင့် ဈေးနှုန်း အဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀) နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၈-၂၀၂၆ ရက်မှ ၂၇-၈-၂၀၂၆ ရက်အထိ

၄။ **တင်ဒါရောင်းချမည့်အချိန်** - (၁၀:၀၀) နာရီမှ (၁၆:၀၀) နာရီအထိ

၅။ **တင်ဒါပိတ်ရက်နှင့် အချိန်** - ၂၈-၈-၂၀၂၆ ရက်၊ (၁၃:၀၀) နာရီ

၆။ **တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ နေပြည်တော်

၇။ တင်ဒါကြော်ငြာများအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**(ဖုန်း-၀၉-၄၄၈၅၃၃၈၉၄)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား ယှဉ်တွဲပါတင်ဒါအမှတ်များအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | 37 (T)/YESC/ (Dist)/ 26-27 | 11-6.6/0.4kV,200kVA Transformer (45) Nos နှင့် ဆက်စပ်ပစ္စည်း ဝယ်ယူရန် |

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၇.၈.၂၀၂၆) နေ့မှ စတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁.၉.၂၀၂၆) နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 11W/21487 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အထက သနပ်ပင်ကျောင်း KG တန်းမှ (ဘ) ဦးစိုးလင်းဦး ၇/သနပ(နိုင်) ၁၀၆၄၉၅ ၏သား မောင်ဟန်ထူးခြားလင်းအား မောင်ဟန်ဘုန်းတည်တံ့ ဟုပြောင်းလဲခေါ်ဆိုပါရန်။

